# သင်္ဂြိုဟ်နိဿယသစ်

(အရှင်ဦးစဝရ)


၁၃
ရ

အသျှင်ဦးတိက္ခိန္ဒြိယသူမြတ်၏

တပည့်ရင်းဖြစ်သော

စစ်တွေမြို့ အနောက် ပေါက်တောရချောင်

သီတင်းသုံးနေတော်မူသော

အသျှင်ဦးစာရ ရသေ့

သူမြတ်စီရင်အပ်သော

အဘိဓမ္မတ္ထ

# သင်္ဂြိုဟ်နိဿယသစ်

ရန်ကုန်မြို့

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်

၁၉၅၅

# နိဒါန်း

အသျှင် အနုရုဒ္ဓါမထေရ်ပြုတ် ရေးသား စီရင်အပ်သော အဘိဓမ္မတ္ထသင်္ဂဟခေါ် အဋ္ဌကထာလက်သန်းသင်္ဂြိုဟ်ကျမ်းကို ရွှေတောင်မြို့ အမ္ဗာရာမတိုက် အသျှင်ဦးတိက္ခိန္ဒြိယသူမြတ်သည် ဥပသာရပုဒ် ,နိပါတ်ပုဒ် မကျန် [illegible]ကာဖွင့်အတိုင်း ပုဒ်စိပ်, ပါဌ်စိပ် ပေယျာလမချန် မြန်မာပြန် သင်္ဂြိုဟ်နိဿယကျမ်းကို ကြီးပမ်းတော်မူခဲ့၍ ကျွန်ုပ်တို့ ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်မှ ရိုက်နှိပ်ကာ ထုတ်ဝေအပ်ခဲ့လေပြီ။

အသျှင်ဦးတိက္ခိန္ဒြိယ၏ သင်္ဂြိုဟ်နိဿယ ကျမ်းကြီးမှ **စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်, ခန္ဓာ, အာယတန, ဓာတ်, သစ္စာ**-ဟူသော ဝိပဿနာ ဘူမိ-ခေါ် အခြေခံ တရားများ ကိုသာ ကောက်နုတ်ပြီးကာ အသျှင် **ဦးစာရရသေ** သူမြတ်သည် ဝိပဿနာ ယောဂီပုဂ္ဂိုလ်တို့ အတွက် မဂ်,ဖိုလ် ရရန် ရည်သန်ချက်ဖြင့် ဤ **သင်္ဂြိုဟ်နိဿယသစ်**ကျမ်းကို ရေးမှတ်ထုတ်ဝေအပ်သည်ဖြစ်ပါကြောင်း။

''ဟံသာဝတီ''

# သဂြိုဟ်နိဿယသစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပဌမ

၁။ သမ္မာ သမ္ဗုဒ္ဓ မတုလံ၊ သ သဒ္ဓမ္မ ဂဏုတ္တမံ။
အဘိဝါဒိယ ဘာသိဿံ၊ အဘိဓမ္မတ္ထသင်္ဂဟံ။ ။

[သမ္မာ။ သံ။ ဗုဒ္ဓံ။ အတုလံ။ ။သ။သန္တ။ဓမ္မ။ဂဏ။ ဥ။တမံ။
အဘိ။ဝါဒိယ။ဘာသိဿံ။ ။အဘိ။ဓမ္မ။အတ္ထ။သံ။ဂဟံ။ ]

.၁။အဟံ၊ငါမဟုတ်ဘဲ ငါဟုသမုတ် နာမ်,ရုပ်အစု အနုရုဒ္ဓဆရာသည်။ သန္တ-သန္တာနံ၊ ကိလေသာတို့ကို ငြိမ်းစေ တတ်ကုန်သော အရိယာသူတော်ကောင်းတို့၏။ ဓမ္မ-ဓမ္မေနစ၊ မိမိကိုဆောင်ကုန်သော သူတို့ကို အပါယ်လေးပါးဝဋ်ဒုက္ခတို့၌ မကျစေသည်တို့ကိုပြု၍ ဆောင်တတ်သော မဂ်လေးတန်, ဖိုလ်လေးတန်, နိဗ္ဗာန်, ပရိယတ္တိ-တည်းဟူသော ဆယ်ပါးသော တရားတော်မြတ်နှင့်လည်းကောင်း။ ဝါ၊ တနည်းကား။ သန္တ-သန္တေန၊ ပရမတ္ထအားဖြင့် ထင်ရှားရှိသော။ ဓမ္မ-ဓမ္မေနစ၊ မိမိကိုဆောင်ကုန်သော သူတို့ကို အပါယ်လေးပါး ဝဋ်ဒုက္ခတို့၌ မကျစေသည်တို့ကိုပြု၍ ဆောင်

တတ်သော ဆယ်ပါးသောတရားတော်နှင့် လည်းကောင်း။ ဝါ၊တနည်းကား။သန္တ-သန္တေန၊ ငြိမ်းမွမ်းအပ်သော။ ဓမ္မ-ဓမ္မေနစ၊မိမိကိုဆောင်ကုန်သော သူတို့ကို အပါယ်လေးပါး ဝဋ်ဒုက္ခတို့၌ မကျစေသည်တို့ကိုပြု၍ ဆောင်တတ်သော ဆယ်ပါးသော တရားတော်နှင့်လည်းကောင်း။ဥ၊ နုတ်အပ်ပြီးသော၊တမ-တမေန၊ အဝိဇ္ဇာ-တည်းဟူသော အမိုက်မှောင်လည်းရှိထသော။ ဝါ၊တနည်းကား။ဥတ္တမ-ဥတ္တမေန၊ ကျော်စောသော ပုထုဇဉ်သဃ်ာတို့ထက် အထူးသဖြင့်ကျော်စောတော်မူထသော။ ဝါ၊ တနည်းကား။ ဥတ္တမ-ဥတ္တမေန၊ သီလအစရှိသောဂုဏ်တော်တို့ကြောင့် ပုထုဇဉ်သဃ်ာတော်တို့ထက် မြတ်ထသော။ ဂဏ-ဂဏေနစ၊ ရှစ်ယောက်သော အရိယာ သဃ်ာတော် အပေါင်းနှင့်လည်းကောင်း။ သ၊ တကွ။ ပဝတ္တံ၊ ဖြစ်တော်မူသော။ အတုလံ၊ သီလအစရှိသော ဂုဏ်တော်တို့ကြောင့် တစုံတယောက်သောသူနှင့် တူတော်မမူထသော။ဝါ၊တနည်းကား။ အတုလံ၊ရူပအတုလ, ဝါစာအတုလ,ဓမ္မအတုလ, ဉာဏအတုလ-တည်းဟူသော အတုလ-လေးပါးလည်းရှိတော်မူထသော။ သမ္မာ၊မဖေါက်မပြန်။သံ၊ကိုယ်တော်တိုင်သာလျှင်။ဗုဒ္ဓံ၊သစ္စာလေးပါးတရားတို့ကို အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်တော်ဖြင့် အကြွင်းမရှိ ထိုးထွင်း၍ သိတော်မူပြီးထသော ဘုရား-ဟု သမုတ်အပ်သော ပရမတ္ထခန္ဓာတော်အစဉ်ကို။ အဘိ-အဘိဝိသေသ-တော၊အထူးအားဖြင့်။ ဝါဒိယ-ဝန္ဒာမိ၊ ရိုသေစွာရှိခိုးပါ၏ဘုရား။

ဝါဒိယ-ဝန္ဒိတွာ၊ရိုသေစွာရှိခိုးပြီး၍။ အဘိ၊သုတ္တန်ထက်လွန်ကုန်,ထူးကုန်သော။ ဓမ္မ-ဓမ္မေ၊ ခန္ဓာအစရှိသောတရား

တို့၏ တည်ရာဖြစ်သော အဘိဓမ္မာ ၇-ကျမ်း၌။ အတ္ထ-အတ္ထာ၊ ဘုရားရှင်သည် အကျယ်အားဖြင့် ဟောတော်မူအပ်ကုန်သော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-တည်းဟူသော အနက်သဘောတို့ကို။ သံ၊အကျဉ်းပေါင်း၍။ဂဟံ၊ယူအပ်ကုန်ရာ, ယူအပ်ကုန်ကြောင်းဖြစ်သော အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို။ ဘာသိဿံ-ကထေဿာမိ၊ ဆိုပေအံ့။

## ပရမတ္ထတရား ၄-ပါး

၂။ တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ၊ စတုဓာ ပရမတ္ထတော။
စိတ္တံ,စေတသိကံ,ရူပံ၊ နိဗ္ဗာန မိတိ သဗ္ဗထာ။ ။

[တတ္ထ။ ဝုတ္တာ။ အဘိ၊ ဓမ္မ။အတ္ထာ။ စတုဓာ။ ပရမ အတ္ထတော။]

၂။ တတ္ထ၊ တသ္မိံ အဘိဓမ္မတ္ထသင်္ဂဟပကရဏေ၊ ထိုငါဆိုလတ္တံ့သော အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ သဗ္ဗထာ-သဗ္ဗပကာရေန၊ ကုသိုလ်အစရှိသော ခန္ဓာအစရှိသော ခပ်သိမ်းသော အပြားအားဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ အဘိ၊ သုတ္တန်ထက်လွန်ကုန်, ထူးကုန်သော။ ဓမ္မ-ဓမ္မာနံ၊ ခန္ဓာ အစရှိသော တရားတို့၏ တည်ရာဖြစ်ကုန်သော အဘိဓမ္မာ ၇-ကျမ်းတို့၏။အတ္ထာ၊အနက်တို့သည်။ ပရမ၊ မြတ်သော။အတ္ထတော-သဘာဝတော၊ မိမိ-မိမိဟူသော။ ဝါ၊ မိမိတို့၏မှတ်ကြောင်းလက္ခဏာအားဖြင့်။....

၁—စိတ္တံ၊ ငါ,သူ,သတ္တဝါ,အသက်-မဟုတ်သော အနုမြူမျှအကောင်, အထည်, ဒြပ်, သဏ္ဌာန်မရှိသော အကျဉ်းတခုယုတ် ၉၀,အကျယ် ၁၂၁-ဟု ခေါ်ဆိုရေတွက်အပ်သော အာရုံ ၆-ပါးကို သိတတ်သော သဘောတရားလည်းကောင်း။....

၂-စေတသိကံ၊ ငါ, သူ,သတ္တဝါ,အသက်-မဟုတ်သော အနှမြူမျှ အကောင်, အထည်, ဒြပ်, သဏ္ဍာန်-မရှိသော စိတ်နှင့်အတူဖြစ်ခြင်း, အတူချုပ်ခြင်း, တခုတည်းသော အာရုံ, တခုတည်းသော မှီရာဝတ္ထု-ရှိသည်ဖြစ်၍ ၄-ပါး သော သမ္ပယုတ္တ လက္ခဏာတို့နှင့် ယှဉ်တွဲ၍ ဖြစ်တတ် ကုန်သော တွေ့ခြင်းသဘော, ခံစားခြင်းသဘောအစရှိသော ၅၂-ပါးသောစေတသိက်သဘော တရားလည်းကောင်း။…

၃-ရူပံ၊ငါ,သူ,သတ္တဝါ, အသက်-မဟုတ်သောအနှမြူမျှ အကောင်,အထည်,ဒြပ်,သဏ္ဍာန်-မရှိသောအပူ,အအေး, ဆာလောင်မွတ်သိပ်ခြင်း အစရှိသည်တို့ကြောင့် ထင်ရှား ဖေါက်ပြန် ပျက်စီးတတ်သော ပထဝီ အစရှိသော ၂၈-ပါး သော ရုပ်သဘောလည်းကောင်း။….

၄-နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ငြိမ်းရာ,ငြိမ်းကြောင်းဖြစ် သော အသင်္ခတဓာတ်သဘော တရားလည်းကောင်း။ ဝါ၊ နိဗ္ဗာနံ၊အကြောင်း, အကျိုး, ဝဋ်ဒုက္ခ-ဟူသမျှတို့၏ အကြွင်း မရှိ မဖြစ်ပေါ်ရာသဘောလည်းကောင်း။ ဝါ၊ တနည်းကား။ နိဗ္ဗာနံ၊ စိတ်,စေတသိက်, ရုပ်-တည်းဟူသောသင်္ခတတရား တို့၏ ဆန့်ကျင်ဘက်ဖြစ်သော မဖြစ်,မပျက်သောလက္ခဏာ အားဖြင့် အမြဲတည်ရှိနေသော အသင်္ခတဓာတ်သဘော တရားလည်းကောင်း။….

ဣတိ၊ ဤသို့။စတုဓာ-စတုဟိ-အာကာရေဟိ၊ ၄-ပါးကုန် သော အခြင်းအရာတို့ဖြင့်။ ဌိတာ၊ တည်ကုန်၏။

[မှတ်ရန်] စိတ်တပါး, စေတသိက်တပါး, ရုပ်တပါး, နိဗ္ဗာန်တပါး၊ပေါင်း ပရမတ္ထတရား ၄-ပါး။

## ဘုံဖြင့်ပြသော စိတ်အပြား ၄-ပါး

၃။ တတ္ထ စိတ္တံ တာဝ စတုဗ္ဗိဓံ ဟောတိ ကာမာဝစရံ
ရူပါဝစရံ,အရူပါဝစရံ,လောကုတ္တရဉ္စေတိ။ ။

၃။ တတ္ထ၊ထိုအဘိဓမ္မတ္ထသင်္ဂဟကျမ်း၌တည်ကုန်သော ၄-ပါးကုန်သော အဘိဓမ္မာအနက်တို့တွင်။ စိတ္တံ၊ အာရုံကို သိတတ်သော သဘောစိတ်ကို။ တာဝ၊ စေတသိက် အစရှိသည်တို့၏ ရှေးဦးစွာ။ မယာ၊ ငါအနုရုဒ္ဓဆရာသည်။ ဝုစ္စတိ၊ ဆိုအပ်၏။

၁-ကာမာဝစရဉ္စ၊ ကာမာဝစရစိတ်လည်းကောင်း။ဝါ၊ တနည်းကား။ ကာမ-ကာမဿ၊ အာရုံ ၆-ပါးကို အလိုရှိတတ်သောကာမတဏှာ၏။(လောဘ)။အဝစရဉ္စ၊များသော အားဖြင့် အာရုံပြု၍ ကျင်လည်ရာဖြစ်သော ၅၄-ပါးသော စိတ်သဘော လည်းကောင်း။ ဝါ၊ တနည်းကား။ ကာမ-ကာမေ၊ ကာမတဏှာသည် အလိုရှိအပ်သော ကာမ ၁၁-ဘုံ၌။ အဝစရဉ္စ၊ ကျင်လည်တတ်,ဖြစ်တတ်သော ၅၄-ပါးသော စိတ်သဘောလည်းကောင်း။....

၂-ရူပါဝစရဉ္စ၊ ရူပါဝရစိတ် လည်းကောင်း။ ဝါ၊ တနည်းကား။ ရူပ—ရူပါဿ၊ ရူပတဏှာ၏။ (လောဘ)။ အဝစရဉ္စ၊ များသောအားဖြင့် အာရုံပြု၍ ကျင်လည်ရာဖြစ်သော ၁၅-ပါးသော စိတ်သဘော လည်းကောင်း။ ဝါ၊ တနည်းကား။ ရူပ—ရူပေ၊ အညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌။ အဝစရဉ္စ၊ များသောအားဖြင့် ကျင်လည်တတ်,ဖြစ်တတ်သော ၁၅-ပါးသော စိတ်သဘောလည်းကောင်း။....

၃-အရူပါဝစရန္တိ၊ အရူပါဝစရစိတ်လည်းကောင်း။ ဝါ၊ တနည်းကား။ အရူပ-အရူပါယ၊ အရူပတဏှာ၏။ (လော-ဘ)။ အဝစရန္တိ၊ များသောအားဖြင့် အာရုံပြု၍ ကျင်လည်ရာဖြစ်သော ၁၂-ပါးသော စိတ်သဘော လည်းကောင်း။ ဝါ၊ တနည်းကား။ အရူပ-အရူပေ၊ အရူပ ၄-ဘုံ၌။ အဝစရန္တိ၊ များသောအားဖြင့် ကျင်လည်တတ်,ဖြစ်တတ်သော ၁၂-ပါးသောစိတ်သဘော လည်းကောင်း။....

၄-လောကုတ္တရန္တိ၊ လောကုတ္တရာစိတ်လည်းကောင်း။ ဝါ၊ တနည်းကား။ လောက-လောကတော၊ တဏှာ,ဒိဋ္ဌိ-တို့၏ အာရုံဖြစ်သော ဥပါဒါနက္ခန္ဓာ-တည်းဟူသော လောကမှ။ ဥတ္တရန္တိ၊ လွန်မြောက်နေသော အကျဉ်း ၈-ပါး, အကျယ် ၄၀-သော စိတ်သဘောလည်းကောင်း။ ဣတိ၊ ဤသို့။ စတုဗ္ဗိဓံ၊ ၄-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

[မှတ်ရန်] ကာမစိတ်, ရူပစိတ်, အရူပစိတ်, လောကုတ္တရာစိတ်အားဖြင့် စိတ်အပြား ၄-ပါးရှိ၏ ဘုံဖြင့်ပြသောစိတ်အပြား ၄-ပါးပြီး၏။

---

## အကုသိုလ်စိတ် ၁၂-ပါး

### လောဘမူစိတ် ၈-ပါး

၄။ တတ္ထ ကတမံ ကာမာဝစရံ၊ သောမနဿသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိကမေကံ။ သသင်္ခါရိကမေကံ။ ။ သောမနဿသဟဂတံ ဒိဋ္ဌိဂတဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ။ သသင်္ခါရိကမေကံ။ ။ ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတသမ္ပယုတ္တံ အသင်္ခါရိက-

မေကံ။သသင်္ခါရိကမေကံ။ ။ဥပေက္ခာသဟဂတံ ဒိဋ္ဌိဂတ ဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ။ သသင်္ခါရိက မေန္တိ ဂုရမာနိ အ ပိ လောဘသဟဂတစိတ္တာနိ-နာမ။

၄။ တတ္ထ၊ ထို ၄-ပါးကုန်သောစိတ်တို့တွင်။ ကာမ-ကာမဿ၊အာရုံ ၆-ပါးကိုအလိုရှိတတ်သော ကာမတဏှာ၏။အဝစရံ၊များသောအားဖြင့် အာရုံပြု၍ကျင်လည်ရာဖြစ်သော။ကာမာဝစရံ၊ကာမာဝစရစိတ်သည်။ကတမံ၊ အဘယ်နည်း။....

၁-သောမနဿ-သောမနဿေန၊ကောင်းသောစိတ်၏ အဖြစ်ဟုဆိုအပ်သော။ဝါ၊ကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်၏ အဖြစ်ဟုဆိုအပ်သော သာယာ ရွှင်လန်း ခံစားတတ်သောသဘော သောမနဿဝေဒနာနှင့်။သဟ၊တကွ။ဂတံ၊နှီးနှောထသော။ဝါ၊ဖြစ်ထသော။ ဒိဋ္ဌိဂတ-ဒိဋ္ဌိဂတေန၊ အမြင်မှားတတ်သောသဘော မိစ္ဆာဒိဋ္ဌိနှင့်။သံ၊ အညီ အညွတ်။ ပ၊ အပြားတို့ဖြင့်။ယုတ္တံ၊ယှဉ်ထသော။ အသင်္ခါရိကံ။ ထက်မြက် အောင်ပြုပြင်စီရင်တတ်သော ရှေးပယောဂလည်း မရှိထသော။ကော၊၁-ပါးသော။စိတ္တုပ္ပါဒ၊၁၉-ပါးသောစေတသိက်တို့နှင့်ယှဉ်၍ အာရုံကိုသိတတ်သောသဘောလည်းကောင်း။...

[အထူးမှတ်ရန်] ၁၉-ပါးသောစေတသိက်ကား အညသမာန်းစေတသိက် ၁၃-ပါး +မောဟ, အဟိရိက, အနောတ္တပ္ပ,ဥဒ္ဓစ္စ၊ အကုသလသာဓာရဏစေတသိက် ၄-ပါး၊ +လောဘ+ဒိဋ္ဌိ၊ဤ၁၉-ပါးတို့သည် ဘောမူအသင်္ခါရိက စိတ်နှင့် ၁။ သဟဇာတပစ္စည်း။ ၂။ အညမညပစ္စည်း။ ၃။ နိဿယပစ္စည်း။ ၄။ အတ္ထိပစ္စည်း။ ၅။ အဝိဂတပစ္စည်း။ ၆။

ပေးတုပစ္စည်း။ ၇။ အာဟာရပစ္စည်း။ ၈။ ဣန္ဒြိယပစ္စည်း။ ၉။ဈာနပစ္စည်းတို့အားဖြင့် ကျေးဇူးပြုကြ၏။

၂–သသင်္ခါရိကံ။ ထက်မြက်အောင် ပြုပြင် စီရင်တတ်သော ရှေးပယောဂနှင့်လည်း တကွ ဖြစ်ထသော။ ကော်၊ ၁-ပါးသော။စိတ္တုပ္ပါဒ်၊ ၂၁-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံကိုသိတတ်သောသဘောလည်းကောင်း။....

[မှတ်ရန်] စေတသိက် ၂၁–ပါးကား အထက်၌ပြခဲ့သော ၁၉–ပါး + ထိန + မိဒ္ဓ၊ပေါင်း ၂၁-ပါး။

၃–သောမနဿ-သောမနဿေန၊ ကောင်းသောစိတ်၏ အဖြစ်ဟုဆိုအပ်သော။ ဝါ၊ ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်၏ အဖြစ်ဟုဆိုအပ်သော သာယာ ရွှင်လန်း ခံစားတတ်သောသဘော သောမနဿဝေဒနာနှင့်။ သဟ၊ ကတ္တု။ ဂတံ၊ နှီးနှော၍ထသော။ဝါ၊ဖြစ်ထသော။ဒိဋ္ဌိဂတ-ဒိဋ္ဌိဂတေန၊ အမြင်မှားတတ်သော မိစ္ဆာဒိဋ္ဌိနှင့်။ ဝိပ္ပယုတ္တံ၊ ယှဉ်ခြင်းမှ ကင်းထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သော ရှေးပယောဂလည်းမရှိထသော။ ကော်၊ ၁-ပါးသော။စိတ္တုပ္ပါဒ်၊ ၁၈-ပါးသောစေတသိက်, ရံခါ ၁၉-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံကို သိတတ်သော သဘောလည်းကောင်း။....

[မှတ်ရန်] အထက်၌ပြခဲ့သော ၁၉-ပါးမှဒိဋ္ဌိကိုနှုတ် ၁၈-ပါး,ရံခါ-၎င်း ၁၈-ပါး + မာန၊ ပေါင်း ၁၉-ပါး။

၄–သသင်္ခါရိကံ။ ထက်မြက်အောင် ပြုပြင် စီရင်တတ်သော ရှေးပယောဂနှင့်လည်း တကွဖြစ်ထသော။ ကော်၊ ၁-ပါးသော။စိတ္တုပ္ပါဒ်၊ ၂၀-သောစေတသိက်,ရံခါ ၂၁-ပါး

သော စေတသိက်တို့နှင့်ယှဉ်၍အာရုံကိုသိတတ်သောသဘော လည်းကောင်း။....

[မှတ်ရန်] ၁၈-ပါး + ထိန + မိဒ္ဓ၊ ပေါင်း ၂၀-ပါး,ရံခါ ၎င်း ၂၀ + မာန၊ ပေါင်း ၂၁-ပါး။

၅–(ဥပေက္ခာ–ဥပ+ဣက္ခာ) ဥပ၊ သုခ, ဒုက္ခတို့နှင့် မဆန့်ကျင်အသင့်အားဖြင့်။ ဣက္ခာ-ဣက္ခာယ၊ ခံစားတတ်သောသဘော ဥပေက္ခာဝေဒနာနှင့်။ သဟ၊တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ ဒိဋ္ဌိဂတ-ဒိဋ္ဌိဂတေန၊ အမြင်မှားတတ်သော မိစ္ဆာဒိဋ္ဌိနှင့်။သံ၊ အညီအညွတ်။ ပ၊ အပြားတို့ဖြင့်။ ယုတ္တံ၊ ယှဉ်ထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သော ရှေးပယောဂ လည်း မရှိထသော။ ဧကံ၊ ၁-ပါးသော။စိတ္တုပ္ပါဒ၊ ၁၈– ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံကို သိတတ်သော သဘောလည်းကောင်း။....

[မှတ်ရန်] အထက်၌ပြခဲ့သော ၁၉-ပါးမှ ပီတိကိုနုတ် ၁၈-ပါး။

၆–သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သောရှေးပယောဂနှင့်လည်းတကွဖြစ်ထသော။ဧကံ၊၁-ပါးသော။ စိတ္တုပ္ပါဒ၊ ၂၀-သော စေတသိက်တို့နှင့်ယှဉ်၍ အာရုံကို သိတတ်သော သဘောလည်းကောင်း။....

[မှတ်ရန်] ၎င်း ၁၈-ပါး + ထိန + မိဒ္ဓ၊ပေါင်း ၂၀-ပါး။

၇–ဥပ၊ သုခ, ဒုက္ခတို့နှင့် မဆန့်ကျင်အသင့်အားဖြင့်။ ဣက္ခာ-ဣက္ခာယ၊ ခံစားတတ်သောသဘော ဥပေက္ခာဝေဒနာနှင့်။ သဟ၊တကွ။ ဂတံ၊နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။

ဒိဋ္ဌိဂတ-ဒိဋ္ဌိဂတေန၊ အမြင်မှားတတ်သောသဘော မိစ္ဆာ ဒိဋ္ဌိနှင့်၊ ဝိပ္ပယုတ္တံ၊ ယှဉ်ခြင်းမှကင်းထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သော ရှေးပယောလည်း မရှိထသော။ကော်၊၁-ပါးသော။ စိတ္တုပ္ပါဒ၊ ၁၇-ပါးသောစေတ သိက်, ရံခါ ၁၈-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ ကိုသိတတ်သော သဘောလည်းကောင်း။....

[မှတ်ရန်] ၎င်း ၁၈-ပါးမှ ဒိဋ္ဌိကိုနုတ် ၁၇-ပါး, ရံခါ ၎င်း ၁၇-ပါး + မာန၊ ပေါင်း ၁၈-ပါး။

ဂ်--သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရတတ် သောရှေးပယောဂနှင့်လည်းတကွဖြစ်ထသော။ကော်၊၁-ပါး သော။စိတ္တုပ္ပါဒ၊၁၉-ပါးသောစေတသိက်,ရံခါ ၂၀-သောစေ တသိက်တို့နှင့်ယှဉ်၍ အာရုံကို သိတတ်သော သဘောလည်း ကောင်း။....

ဣတိ၊ဤသို့။ အဋ္ဌပိ၊ ၈-ပါးလည်းဖြစ်ကုန်သော။ဣမာ- နိ၊ ဤစိတ်တို့သည်။ လောဘ-လောဘေန၊ လိုချင်မက်မော ကပ်ငြိတပ်သော သဘောလောဘနှင့်။ သဟ၊တကွ။ ဂတ- ဂတာနိ-နှီးနှောကုန်သော။ ဝါ၊ဖြစ်ကုန်သော။ စိတ္တာနိနာ- မ။ ၂၂-ပါးသော စေတသိက်တို့နှင့် ထိုက်သည်အားလျော် စွာ ယှဉ်၍ အာရုံကို သိတတ်သော-စိတ်သဘောတို့မည်ကုန် သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## လောဘမူစိတ်သရုပ်

သောမနဿစိတ် ၄-ပါး+ဥပေက္ခာစိတ် ၄-ပါး=ပေါင်း လောဘမူ စိတ် ၈-ပါး။

သမ္ပယုတ်စိတ် ၄-ပါး+ဝိပ္ပယုတ်စိတ် ၄-ပါး = ၎င်း။

အသင်္ခါရိကစိတ် ၄-ပါး+သသင်္ခါရိကစိတ် ၄-ပါး = ၈င်း။
ဒိဋ္ဌိဂုတ်ဥက္ကဋ္ဌစိတ် ၄-ပါး+ဒိဋ္ဌိဂုတ်ပြမကစိတ် ၄-ပါး = ၈င်း။
လောဘဟိတ်နှင့် မောဟဟိတ်ဟူ၍ ဟိတ်အားဖြင့် ၂-ပါးရပါသည်။
သောမနဿစိတ် ၄-ခု၊ သောမနဿဝေဒနာ ⎫ ဝေဒနာ အားဖြင့်
ဥပေက္ခာစိတ် ၄-ခု၊ ဥပေက္ခာဝေဒနာ ⎭ ၂-ပါးဖြစ်ပါသည်။

## ဒေါသမူစိတ် ၂-ပါး

၅။ ဒေါမနဿသဟဂတံ ပဋိဃသမ္ပယုတ္တံ အသင်္ခါ-
ရိကမေကံ။ သသင်္ခါရိကမေကန္တိ ဣမာနိ ဒွေပိ ပဋိ-
ဃသမ္ပယုတ္တစိတ္တာနိနာမ။

၅။ ဒေါမနဿ-ဒေါမနဿေန၊ မကောင်းသောစိတ်၏အဖြစ်ဟု ဆိုအပ်သော။ ဝါ၊ မကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်၏ အဖြစ်ဟု ဆိုအပ်သော မသာမယာ ခံစားတတ်သောသဘော ဒေါမနဿဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ ပဋိဃ-ပဋိဃေန၊ ထိပါးတတ်သောသဘော ဒေါသနှင့်။ သံ၊ အညီအညွတ်။ ပ၊ အပြားတို့ဖြင့်။ ယုတ္တံ၊ ယှဉ်ထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင်• ပြုပြင်စီရင်တတ်သော ရှေးပယောဂလည်း မရှိထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တဥ္စ၊ ၁၇-ပါးသော စေတသိက်,ရံခါ ၁၈-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံကိုသိတတ်သော သဘောလည်းကောင်း။····

[မှတ်ရန်] စေတသိက်၁၇-ပါးကား အညသမာန်း ၁၃-မှ ပီတိကိုနုတ်၁၂+အကုသိုလ် သာဓာရဏ ၄ + ဒေါသ ပေါင်း၁၇-ပါး,-ရံခါ ၎င်း ၁၇-ပါး + မာနကိုထည့် ပေါင်း ၁၈-ပါး။

၂-သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင် စီရင်တတ်သောရှေးပယောဂနှင့်လည်းတကွဖြစ်ထသော။ကော်၊ ၁-ပါးသော။ စိတ္တုပ္ပါ၊ ၁၉-ပါးသော စေတသိက်, ရုံခါ-၂၀ သောစေတသိက်တို့နှင့် ယှဉ်၍ အာရုံကိုသိတတ်သော သဘောလည်းကောင်း။....

[မှတ်ရန်] အထက်၌ပြခဲ့သော ၁၇-ပါး + ထိန + မိဒ္ဓ၊ပေါင်း ၁၉-ပါး,ရုံခါမာနကိုထည့် ၂၀-ပါး။

ဣတိ၊ဤသို့။ ဒွေပိ၊ ၂-ပါးလည်းဖြစ်ကုန်သော။ ဣမာနိ၊ ဤစိတ်တို့သည်။ပဋိဃ-ပဋိဃေန၊ထိပါးတတ်သောသဘောဒေါသနှင့်။ သံ၊ အညီအညွတ်။ ပ၊ အပြားတို့ဖြင့်။ ယုတ္တာနိ၊ ယှဉ်ကုန်သော။ စိတ္တာနိနာမ၊ ၂၂-ပါးကုန်သော စေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာယှဉ်၍ အာရုံကိုသိတတ်သော စိတ်တို့မည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

### ဒေါသမူစိတ် သရုပ်

[အထူးမှတ်ရန်] ဒေါသမူစိတ်၌ ယှဉ်သော စေတသိက်များကားအညသမာန်းစေတသိက် ၁၃-ပါးမှ ပီတိကိုနုတ်၍ ၁၂-ပါး + မောဟ + အဟိရိက + အနောတ္တပ္ပ+ ဥဒ္ဓစ္စ-တည်းဟူသော အကုသလသာဓာရဏ စေတသိက် ၄-ပါး+ ဒေါသ + ဣဿာ + မစ္ဆရိယ + ကုက္ကုစ္စ + ထိန + မိဒ္ဓ၊ ပေါင်း စေတသိက် ၂၂-ပါးဖြစ်ပါသည်။

ဒေါသမူစိတ် ၂-ခုသည် သမ္ပယုတ်စိတ်ဖြစ်၏။

ဒေါသမူစိတ် ၂-ခုမှာ အသင်္ခါရိကစိတ် ၁-ခု၊ သသင်္ခါရိကစိတ် ၁-ခု၊ ပေါင်း ၂-ခု။

ဒေါသမူစိတ် ၂-ခုသည် ဟိတ်အားဖြင့် ၂-ပါးရပါသည်။ ဝေဒနာအားဖြင့် ဒေါမနဿ ဝေဒနာတပါးသာဖြစ်ပါသည်။ စိတ်အားဖြင့် ဒွိဟိတ်စိတ်ဖြစ်၏။

## မောဟမူစိတ် ၂-ပါး

၆။ ဥပေက္ခာသဟဂတံ ဝိစိကိစ္ဆာ သမ္ပယုတ္တံ မေကံ။
ဥပေက္ခာသဟဂတံ ဥဒ္ဓစ္စသမ္ပယုတ္တမေကန္တိ ဣမာ-
နိ ဒွေပိ မောမူဟစိတ္တာနိနာမ။

၆။ ၁-ဥပ၊သုခ,ဒုက္ခတို့နှင့်မဆန့်ကျင်အသင့်အားဖြင့်။ ဣက္ခာ-ဣက္ခာယ၊ ခံစားတတ်သောသဘော ဥပေက္ခာဝေဒနာနှင့်။ သဟ။ တကွ။ ဂတံ။ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ ဝိစိ-ဝိစိနန္တော၊ ဟုတ်မှန်သောသဘောကို စုံစမ်းသည်ရှိသော်။ကိစ္ဆာ-ကိစ္ဆာယ၊မဆုံးဖြတ်နိုင်သည်၏အဖြစ်ကြောင့် ပင်ပန်းတတ်သောသဘော ဝိစိကိစ္ဆာနှင့်။ သံ၊ အညီအညွတ်။ ပ၊ အပြားတို့ဖြင့်။ ယုတ္တံ၊ ယှဉ်ထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တဉ္စ၊ ၁၅-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံကိုသိတတ်သောသဘော လည်းကောင်း။....

[မှတ်ရန်] စေတသိက် ၁၅-ပါးကား အညသမာန်း ၁၃-ပါးမှအဓိမောက္ခနှင့်ဆန္ဒ,ဒွိတိကိုနုတ်၍ကျန်၁၀-ပါး+ အကုသလသာဓာရဏစေတသိက် ၄-ပါး+ဝိစိကိစ္ဆာစေတသိက် ၁-ပါး၊ ပေါင်း ၁၅-ပါး။

၂-ဥပ၊ သုခ, ဒုက္ခတို့နှင့် မဆန့်ကျင် အသင့်အားဖြင့်။ ဣက္ခာ-ဣက္ခာယ၊ ခံစားတတ်သောသဘော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ ဥဒ္ဓစ္စ-ဥဒ္ဓစ္စေန၊ မငြိမ်မသက် အလွန်တုန်လှုပ်တတ်သောစိတ်။ ဝါ၊ မငြိမ်မသက် အလွန်တုန်လှုပ်တတ်သော စိတ်ရှိသောပုဂ္ဂိုလ်၏ အဖြစ်ဟုဆိုအပ်သော သဘော ဥဒ္ဓစ္စနှင့်။ သံ၊ အညီအညွတ်။ ပ၊ အပြားတို့ဖြင့်။ ယုတ္တံ၊ ယှဉ်ထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တဉ္စ၊ ၁၅-ပါးသော စေတ

သိက်တို့နှင့်ယှဉ်၍ အာရုံကိုသိတတ်သော သဘော လည်း ကောင်း။....

[မှတ်ရန်] စေတသိက် ၁၅-ပါးကား အညသမာန်း ၁၃-ပါးမှဆန္ဒနှင့်ပီတိကိုနုတ်၍ကျန် ၁၁-ပါး + အကုသလ သာဓာရဏ စေတသိက် ၄-ပါး၊ ပေါင်း ၁၅-ပါး။

ဣတိ၊ ဣသို့။ ဒွေပိ၊ ၂-ပါးလည်းဖြစ်ကုန်သော။ဣမာ-နိ စိတ္တာနိ၊ ဤစိတ်တို့သည်။ မော-မောဟေန၊ တွေဝေတတ် သောသဘော မောဟဖြင့်။ မူဟ-မူဟာနိ၊ တွေဝေကုန် သော။ စိတ္တာနိနာမ၊ ၁၆-ပါးသောစေတသိက်တို့နှင့် ထိုက် သည်အားလျော်စွာယှဉ်၍ အာရုံကိုသိတတ်သော သဘော စိတ်တို့ မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

[မှတ်ရန်] မောဟမူစိတ် ၂-ခုသည် ဥပေက္ခာသမ္ပယုတ် စိတ်ဖြစ်၏၊ ဟိတ်အားဖြင့် မောဟဟိတ် ၁-ပါးသာ ရသည်၊ မောဟမူစိတ် ၂-ခုသည် ဧကဟိတ် စိတ်ဖြစ်၏၊ ၎င်းစိတ်ကို အသမ်္ဗြိကစိတ်သို့သာ သွင်းသည်။

## အကုသိုလ်စိတ် နိဂုံး

၇။ ဣစ္စေဝံ သဗ္ဗထာပိ ဒွါဒသာကုသလစိတ္တာနိ သမတ္တာနိ။ ။

၇။ ဣစ္စေဝံ-ဣတိ ဧဝံ-ယထာဝုတ္တနယေန၊ အကြင်အ ကြင် ဆိုအပ်ခဲ့ပြီးသော အနက်ကို သိကြောင်းဖြစ်သော နည်းဖြင့်။ သဗ္ဗထာပိ၊ ခပ်သိမ်းသော အပြားအားဖြင့်လည်း။ ဒွါဒသ၊ ၁၂-ပါးကုန်သော။ အကုသလ အကုသလာ၊ ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော။ စိတ္တာနိ၊ ၁၂-ပါး

သော စေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်၍ အာရုံကိုသိတတ်ကုန်သော စိတ်တို့သည်။ သံ-သံပုဏ္ဏ်၊ပြည့်စုံခြင်းသို့။ အတ္တာနိ၊ ရောက်ကုန်ပြီ။

## အကုသိုလ်စိတ် သင်္ဂဟဂါထာ

၈။ အဋ္ဌဓာ လောဘမူလာနိ၊ဒေါသမူလာနိ စ ဒွိဓာ။
မောဟမူလာနိ စ ဒွေတိ၊ဒွါဒသာကုသလာ သိယုံ။

၈။ လောဘ၊ လိုချင်တတ်သော သဘောလောဘသည်သာလျှင်။ မူလာနိ၊ အခြေအမြစ်ရှိကုန်သော။ စိတ္တာနိစ၊ အာရုံကိုသိတတ်သော စိတ်တို့သည်လည်း။ အဋ္ဌဓာ၊ ၈-ပါး အပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ဒေါသ၊ ပြစ်မှားတတ်, ကြမ်းတမ်းတတ်, မသာယာတတ်, စိတ်ကို ဖျက်ဆီးတတ်သော ဒေါသသည်လျှင်။ မူလာနိ၊ အခြေအမြစ်ရှိကုန်သော။ စိတ္တာနိစ၊ အာရုံကိုသိတတ်ကုန်သော စိတ်တို့သည်လည်း။ ဒွိဓာ၊ ၂-ပါးအပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။မောဟ၊ မသိတတ်,မိုက်မဲတတ်,တွေဝေတတ်,အာရုံကိုဖုံးလွှမ်းတတ်သော သဘော မောဟသည်သာလျှင်။ မူလာနိ၊ အခြေအမြစ်ရှိကုန်သော။ စိတ္တာနိစ၊ အာရုံကို သိတတ်ကုန်သော စိတ်တို့သည်လည်း။ ဒွေ၊ ၂-ပါးအပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ဣတိ၊ ဤသို့။အကုသလာ-အကုသလာနိ၊ကုသိုလ်၏ဆန့်ကျင်ဘက် ဖြစ်ကုန်သော။ ဝါ၊ အပါယ် ၄-ပါးသို့ အပြားအားဖြင့် ကျရောက်စေတတ်ကုန်သော အကုသိုလ်စိတ်တို့သည်။ ဒွါဒသ၊ ၁၂-ပါး အပြားရှိကုန်သည်၊ သိယုံ၊ ဖြစ်ကုန်၏။

### အကုသိုလ်စိတ် ၁၂-ပါးသရုပ်

လောဘမူစိတ်-၈ } ပေါင်း ၁၂-ပါး ဖြစ်ပါသည်။
ဒေါသ မူစိတ်-၂
မောဟ မူစိတ်-၂

သောမနဿစိတ် ၄ + ဒေါမနဿစိတ် ၂ + ဥပေက္ခာစိတ် ၆၊ပေါင်း ၁၂-ပါး။

သမ္ပယုတ်စိတ် ၈ + ဝိပ္ပယုတ်စိတ် ၄၊ ပေါင်း ၁၂-ပါးဖြစ်ပါသည်။

အသင်္ခါရိကစိတ် ၇ + သသင်္ခါရိကစိတ် ၅၊ ပေါင်း ၁၂-ပါးဖြစ်ပါသည်။

ဒွိဟိတ်စိတ် ၁၀ + ဧကဟိတ်စိတ် ၂၊ ပေါင်း ၁၂-ပါးဖြစ်ပါသည်။

သောမနဿစိတ် ၄-ခု သောမနဿဝေဒနာ။

ဒေါမနဿစိတ် ၂-ခု ဒေါမနဿဝေဒနာ။

ဥပေက္ခာစိတ် ၆-ခု ဥပေက္ခာဝေဒနာ၊ ဝေဒနာအားဖြင့် ၃-ပါးရပါသည်။

ဟိတ်အားဖြင့် လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်၊ ၃-ပါးရပါသည်။

ဤတွင် အကုသိုလ်စိတ် ၁၂-ပါးပြီး၏။

---

## အဟိတ်စိတ် ၁၈-ပါး

### အဟိတ်အကုသလ ဝိပါက်စိတ် ၇-ပါး

၉။ ဥပေက္ခာသဟဂတံ စက္ခုဝိညာဏံ။တထာ သောတဝိညာဏံ။ ဃာနဝိညာဏံ။ဇိဝှါဝိညာဏံ။ ဒုက္ခသဟဂတံ ကာယဝိညာဏံ။ ဥပေက္ခာ သဟဂတံ သမ္ပဋိစ္ဆနစိတ္တံ။ ဥပေက္ခာသဟဂတံ သန္တီရဏ-

စိတ္တာနုပဿနာ (ဓမ္မာနုပဿနာ)အားဖြင့် ရူပါဒိ သတ္တပိ အကုသလဝိပါကစိတ္တာနိနာမ။

၉။၁- ဥပေက္ခာ-ဥပေက္ခာယ၊ မချစ်မမုန်း လျစ်လျူရှုတတ်သော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။စက္ခု၊ စက္ခုပသာဒကို မှီ၍ ဖြစ်သော။ ဝါ၊စက္ခုပသာဒကို စွဲ၍ ဖြစ်သော ဝိ၊ အထူးသဖြင့်၊ ဉာဏာဋ္ဌ၊ ၇-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အနိဋ္ဌဖြစ်သော ရူပါရုံကိုမြင်၍ သိတတ်သော သဘောလည်းကောင်း။....

၂- တထာ၊ ထို့အတူ။ သောတ၊ သောတပသာဒကိုမှီ၍ဖြစ်သော။ဝါ၊သောတပသာဒကိုစွဲ၍ဖြစ်သော။ ဝိ၊အထူးသဖြင့်။ ဉာဏာဋ္ဌ၊ ၇-ပါးသော စေတသိက်တို့နှင့် ယှဉ်၍ အနိဋ္ဌဖြစ်သော သဒ္ဒါရုံကိုကြား၍ သိတတ်သော သဘောလည်းကောင်း။....

၃-ဃာန၊ ဃာနပသာဒကိုမှီ၍ဖြစ်သော။ ဝါ၊ ဃာနပသာဒကိုစွဲ၍ဖြစ်သော။ ဝိ၊အထူးသဖြင့်။ ဉာဏာဋ္ဌ၊ ၇-ပါးသောစေတသိက်တို့နှင့်ယှဉ်၍ အနိဋ္ဌဖြစ်သော ဂန္ဓာရုံကိုနံ၍ သိတတ်သော သဘောလည်းကောင်း။....

၄-ဇိဝှါ၊ ဇိဝှါပသာဒကိုမှီ၍ဖြစ်သော။ ဝါ၊ဇိဝှါပသာဒကိုစွဲ၍ဖြစ်သော။ ဝိ၊ အထူးသဖြင့်၊ဉာဏာဋ္ဌ၊ ၇-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အနိဋ္ဌဖြစ်သော ရသာရုံကို လျက်၍ သိတတ်သော သဘောလည်းကောင်း။....

၅-ဒုက္ခ-ဒုက္ခေန၊ ဆင်းရဲတတ်သောသဘော ဒုက္ခဝေဒနာနှင့်။ ဝါ၊ တနည်းကား။ ဒုက္ခ-ဒုက္ခေန၊ သည်းခံနိုင်ခဲသောသဘော ဒုက္ခဝေဒနာနှင့်။ ဝါ၊ တနည်းကား။ ဒု၊

မကောင်းသော။ ခ-ခေန၊ ကိုယ်၏ချမ်းသာခြင်းကို တူးဖြိုတတ်သောသဘော ဒုက္ခဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ ကာယ၊ကာယပသာဒကိုမှီ၍ ဖြစ်သော။ ဝါ၊ ကာယပသာဒကို စွဲ၍ဖြစ်သော။ ဝါ၊ အထူးသဖြင့်။ဉာဏ၊ ၇-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အနိဋ္ဌဖြစ်သော ဖေါဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ သိတတ်သော သဘောလည်းကောင်း။....

၆—ဥပေက္ခာ-ဥပေက္ခာယ၊ မချစ်မမုန်းလျစ်လျူရှုတတ်သော သဘော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ သံ၊ကောင်းစွာ။ ပဋိ-စ္ဆန၊ အနိဋ္ဌဖြစ်သောပဉ္စာရုံကို ထိုက်သည်အားလျော်စွာ ခံလင့်သကဲ့သို့သော။စိတ္တ၊ ၁၀-ပါးသော စေတသိက်တို့နှင့်ယှဉ်၍အနိဋ္ဌဖြစ်သော ပဉ္စာရုံကို ထိုက်သည်အားလျော်စွာ သိတတ်သောသဘောလည်းကောင်း။....

၇-ဥပေက္ခာ-ဥပေက္ခာယ၊ မချစ်မမုန်းလျစ်လျူရှုတတ်သောသဘော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ဝါ၊ဖြစ်ထသော။ သံ၊ကောင်းစွာ။တီရဏ၊ အနိဋ္ဌဖြစ်သော ပဉ္စာရုံကို ထိုက်သည်အားလျော်စွာ စုံစမ်းတတ်သော။ စိတ္တ၊ ၁၀-ပါးသောစေတသိက်တို့နှင့်ယှဉ်၍ အနိဋ္ဌဖြစ်သောအာရုံ ၆-ပါးကို ထိုက်သည်အား လျော်စွာ သိတတ်သောသဘောလည်းကောင်း။....

ဣတိ၊ ဤသို့။ သတ္တပိ၊ ၇-ပါးလည်း ဖြစ်ကုန်သော။ ဣမာနိ၊ ဤစိတ်တို့သည်။ အကုသလ- အကုသလာနံ၊ ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်ကုန်သော အကုသိုလ်တို့၏။ ဝိ၊ ကုသလဝိပါက်ထက်ထူးကုန်သော။ပါက၊ရင့်ကျက်သော အ

ကျိုးဖြစ်ကုန်သော။ စိတ္တာနိနာမ၊ ၁၀-ပါးသောစေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာယှဉ်၍ အာ႐ုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်ကုန်သော စိတ်သဘောတို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏၊

[အထူးမှတ်ရန်] သမ္ပဋိစ္ဆိုင်းနှင့် သန္တီရဏစိတ် ၂-ခုမှာ ယှဉ်သော စေတသိက် ၁၀-ပါးကား- အညသမာန်းစေတသိက် ၁၃-ပါးအနက်၊ ဆန္ဒ။ ပီတိ။ ဝီရိယတို့ကိုကြဉ်၍ ကျန် ၁၀-ပါးကား။ (သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး + ဝိတက် + ဝိစာရ + အဓိမောက္ခ) များဖြစ်ပါသည်။

ဥပေက္ခာစိတ်-၆ } ပေါင်း အဟိတ် အကုသလဝိပါက်<br>
ဒုက္ခသဟဂုတ်စိတ်-၁ } စိတ် ၇-ပါးဖြစ်ပါသည်။

စက္ခုဝိညာဏ်စိတ်သည် သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါးနှင့် သဟဇာတပစ္စည်း။ အညမညပစ္စည်း။ နိဿယပစ္စည်း၊ အတ္ထိပစ္စည်း။ အဝိဂတပစ္စည်းတို့ အားဖြင့် ကျေးဇူးပြုကြ၏။

## အဟိတ်ကုသလဝိပါက်စိတ် ၈-ပါး

၁၀။ ဥပေက္ခာသဟဂတံ ကုသလ ဝိပါကံ စက္ခု-ဝိညာဏံ။ တထာ သောတဝိညာဏံ။ ဃာနဝိညာဏံ။ ဇိဝှါဝိညာဏံ၊ သုခသဟဂတံ ကာယဝိညာဏံ။ ဥပေက္ခာသဟဂတံ သမ္ပဋိစ္ဆနစိတ္တံ၊ သောမနဿ-သဟဂတံ သန္တီရဏစိတ္တံ။ ဥပေက္ခာသဟဂတံ သန္တီရဏစိတ္တဉ္စေတိ ဣမာနိ အဋ္ဌပိ ကုသလဝိပါကာ-ဟေတုကစိတ္တာနိ နာမ။ ။

၁၁။၁--ဥပေက္ခာ-ဥပေက္ခာယ၊ မချစ်မမုန်း လျစ်လျူရှုတတ်သော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ စက္ခု၊ စက္ခုပသာဒကိုမှီ၍ဖြစ်သော၊ ဝါ၊ စက္ခုပသာဒကိုစွဲ၍ဖြစ်သော။ ဝိ၊ အထူးသဖြင့်။ ဉာဏာဥ၊ ၇-ပါးသောစေတသိက်တို့နှင့် ယှဉ်၍ဇာဥဖြစ်သော ရူပါရုံ အဆင်းကိုမြင်၍ သိတတ်သောသဘော စက္ခုဝိဉာဏ်စိတ် လည်းကောင်း။....

၂—တထာ၊ ထို့အတူ။ သောတ၊ သောတပသာဒကိုမှီ၍ဖြစ်သော။ ဝါ၊ သောတပသာဒကိုစွဲ၍ဖြစ်သော။ ဝိ၊ အထူးသဖြင့်။ ဉာဏာဥ၊ ၇-ပါးသော စေတသိက်တို့နှင့် ယှဉ်၍ဇာဥဖြစ်သော သဒ္ဒါရုံ အသံကိုကြား၍ သိတတ်သော သဘော သောတဝိဉာဏ်စိတ် လည်းကောင်း။....

၃—ဃာန၊ ဃာနပသာဒကိုမှီ၍ ဖြစ်သော။ ဝါ၊ ဃာနပသာဒကိုစွဲ၍ ဖြစ်သော။ ဝိ၊ အထူးသဖြင့်။ ဉာဏာဥ၊ ၇-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ ဇာဥဖြစ်သော ဂန္ဓာရုံ အနံ့ကိုနံ၍ သိတတ်သော သဘော ဃာနဝိဉာဏ်စိတ် လည်းကောင်း။....

၄—ဇိဝှါ၊ ဇိဝှါပသာဒကို မှီ၍ဖြစ်သော။ ဝါ၊ ဇိဝှါပသာဒကို စွဲ၍ဖြစ်သော။ ဝိ၊ အထူးသဖြင့်။ ဉာဏာဥ၊ ၇-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ ဇာဥဖြစ်သော ရသာရုံအရသာကို လျက်၍ သိတတ်သော သဘော ဇိဝှါဝိဉာဏ်စိတ် လည်းကောင်း။....

၅—သုခ-သုခေန၊ သာယာချမ်းမြေ့စွာခံစားတတ်သော သဘော သုခဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထ

သော။ ဝါ၊ ဖြစ်ထသော။ ကာယ-ကာယသို့၊ ကာယအကြည်၌။ နိဿိတံ၊ မှီသော။ ဝိ၊ အထူးသဖြင့်။ ဉာဏာတ္တ၊ ၇-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိ၍ သိတတ်သောသဘော ကာယဝိညာဏ်စိတ် လည်းကောင်း။….

၆—ဥပေက္ခာ-ဥပေက္ခာယ၊ မချစ်မမုန်းလျစ်လျူရှုတတ်သော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ၊ ဂတံ၊ နှိုးနှောထသော။ ဝါ၊ ဖြစ်ထသော။ သံ၊ ကောင်းစွာ။ ပဋိစ္ဆန၊ ဣဋ္ဌဖြစ်သော ပဉ္စာရုံကို ထိုက်သည်အားလျော်စွာ ခံလင့်သကဲ့သို့သော။ စိတ္တုပ္ပါဒ၊ ၁၀-ပါးသောစေတသိက်တို့နှင့်ယှဉ်၍ ပဉ္စာရုံကို ထိုက်သည်အားလျော်စွာ သိတတ်သောသဘော သမ္ပဋိစ္ဆိုင်းစိတ် လည်းကောင်း။….

၇—သောမနဿ-သောမနဿေန၊ ကောင်းသောစိတ်၏ အဖြစ်ဟုဆိုအပ်သော။ ဝါ၊ ကောင်းသောစိတ် ရှိသောပုဂ္ဂိုလ်၏ အဖြစ်ဟု ဆိုအပ်သော သာသာယာယာ ခံစားတတ်သောသဘော သောမနဿဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှိုးနှောထသော။ ဝါ၊ ဖြစ်ထသော။ သံ၊ ကောင်းစွာ။ တီရဏ၊ ဣဋ္ဌဖြစ်သော ပဉ္စာရုံကို ထိုက်သည်အားလျော်စွာ စုံစမ်းတတ်သော။ စိတ္တုပ္ပါဒ၊ ၁၁-ပါးသော စေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သောသဘော သောမနဿ သန္တီရဏစိတ် လည်းကောင်း။….

၈—ဥပေက္ခာ—ဥပေက္ခာယ၊ မချစ်မမုန်း လျစ်လျူရှုတတ်သော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှိုးနှော

၂၁၄၈
ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

ထသော။ ဝါ၊ ဖြစ်ထသော။ သံ၊ ကောင်းစွာ။ တီရဏ၊ ပဉ္စာရုံကို ထိုက်သည်အားလျော်စွာ စုံစမ်းတတ်သော။ စိတ္တဉ္စ၊ ၁၀-ပါးသောစေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါး ကို ထိုက်သည်အားလျော်စွာ သိတတ်သော သဘော ဥပေက္ခာသန္တီရဏ စိတ်လည်းကောင်း။....

ဣတိ၊ ဤသို့။ အဋ္ဌဝိ၊ ၈-ပါးလည်းဖြစ်ကုန်သော။ ဣမာနိ၊ ဤစိတ်တို့သည်။ အဟေတုက၊ သမ္ပယုတ်ဟိတ် မရှိကုန် သော။ ဝါ၊ အဟိတ်ဖြစ်ကုန်သော။ ကု၊ စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို။ သလ-သလာနံ၊ ဖျက်ဆီးတတ်ကုန် သော ကုသိုလ်တို့၏။ ဝိ၊ အကုသလဝိပါက်ထက် ထူးကုန် သော။ ပါက၊ ရင့်ကျက်သော အကျိုးဖြစ်ကုန်သော။ စိတ္တာ- နိနာမ၊ ၁၁-ပါးသော စေတသိက်တို့နှင့် ထိုက်သည်အား လျော်စွာယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်ကုန်သော စိတ်သဘောတို့ မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

[မှတ်ချက်] ၎င်းအဟိတ် ကုသလဝိပါက်စိတ် ၈-ခုမှာ ဆန္ဒနှင့် ဝီရိယကိုကြဉ်၍ အညသမာန်းစေတသိက် ၁၁-ပါး တို့ ထိုက်သည်အားလျော်စွာ ယှဉ်၏။

## အဟိတ်ကြိယာစိတ် ၃-ပါး

၁၁။ ဥပေက္ခာသဟဂတံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ။ တထာမ- နောဒွါရာဝဇ္ဇနစိတ္တံ။သောမနဿ သဟဂတံ ဟသိ- တုပ္ပါဒစိတ္တဉ္စေတိ ဣမာနိ တီဏိပိ အဟေတုက- ကြိယစိတ္တာနိနာမ။

၁၁။ ၁-ဥပေက္ခာ-ဥပေက္ခာယ၊မချစ်မမုန်း လျစ်လျူ ရှုတတ်သော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော၊ ပဉ္စ၊ -ပါးသော၊ ဒွါရ-ဒွါရေ၊ ဝီထိစိတ်တို့၏ ဖြစ်ကြောင်းဖြစ်သော ဒွါရ၌။ အာ၊ အာရုံသို့ရှေးရှုပြု၍။ ဝဇ္ဇန၊ ဆင်ခြင်တတ်သော။ စိတ္တုပ္ပါဒ၊ ၁၁-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ ပဉ္စာရုံကိုထိုက်သည် အားလျော်စွာ သိတတ်သော သဘောလည်းကောင်း ....

၂–တထာ၊ ထို့အတူ။ ဥပေက္ခာ-ဥပေက္ခာယ၊ မချစ် မမုန်းလျစ်လျူ ရှုတတ်သော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ မနော၊ကံ, ကမ္မနိမိတ်, ဂတိနိမိတ်အာရုံကိုထိုက်သည်အားလျော်စွာသိ တတ်သောဘဝင်္ဂပစ္ဆေဒ ၁၉-ခုဟုဆိုအပ်သော ဒွါရ-ဒွါ- ရေ၊ဝီထိစိတ်တို့၏ဖြစ်ကြောင်းဖြစ်သောဒွါရ၌။အာ၊အာရုံသို့ ရှေးရှုပြု၍။ ဝဇ္ဇန၊ အာရုံ ၆-ပါးကို ထိုက်သည်အားလျော် စွာဆင်ခြင်တတ်သော။စိတ္တုပ္ပါဒ၊၁၁-ပါးသောစေတသိက်တို့နှင့် ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာသိတတ် သော သဘောလည်းကောင်း။....

၃–သောမနဿ-သောမနဿေန၊ ကောင်းသောစိတ်၏ အဖြစ်ဟုဆိုအပ်သော။ဝါ၊ကောင်းသောစိတ်ရှိသောပုဂ္ဂိုလ် ၏ အဖြစ်ဟုဆိုအပ်သော သာသာ ယာယာ ခံစားတတ် သော သဘော သောမနဿဝေဒနာနှင့်။ သဟ၊တကွ။ ဂတံ၊ နှီးနှောထသော။ဝါ၊ဖြစ်ထသော။ ဟသိတ-ဟသိတံ၊ ပြုံးရွှင် ခြင်းကို။ဥပ္ပါဒ၊ဖြစ်စေတတ်သော။စိတ္တုပ္ပါဒ၊ ၁၂-ပါးသောစေ တသိက်တို့နှင့်ယှဉ်၍အာရုံ ၆-ပါးကို ထိုက်သည်အားလျော် စွာသိတတ်သော သဘောလည်းကောင်း။....

ဇာတိ၊ ၍သို့။ တီဏိပိ၊ သုံးပါးလည်းဖြစ်ကုန်သော။ ဇာမာ-နိ၊ ၍စိတ်တို့သည်။ အဟေတုက၊ သမ္ပယုတ်ဟိတ်မရှိကုန်သော။ ဝါ၊ အဟိတ်ဖြစ်ကုန်သော။ ကြိယ၊ ပြုကာမတ္တကြိယာ ဖြစ်ကုန်သော။ စိတ္တာနိနာမ၊ ၁၂-ပါးသော စေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အား လျော်စွာ သိတတ်ကုန်သော စိတ်သဘောတို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

[မှတ်ရန်] ပဌမစိတ်၌ အညသမာန်းစေတသိက် ၁၃-ပါးမှ ဆန္ဒ,ပီတိ,ဝီရိယတို့ကို ကြဉ်၍ ကျန်၁၀-ပါးယှဉ်သည်။ ဒုတိယစိတ်၌အညသမာန်း ၁၃-ပါးမှ ဆန္ဒနှင့် ပီတိကို ကြဉ်၍ ကျန် ၁၁-ပါးယှဉ်၏၊ တတိယစိတ်၌ အညသမာန်း ၁၃-ပါးမှ ဆန္ဒကိုကြဉ်၍ ကျန် ၁၂-ပါးယှဉ်၏။

ထို့ကြောင့် အဟိတ်စိတ် ၁၈-ပါးမှာ ဆန္ဒကိုကြဉ်၍အညသမာန်း ၁၂-ပါးတို့သည် ထိုက်သည်အားလျော်စွာ ယှဉ်သည်။

## အဟိတ်စိတ် နိဂုံး

၁၂။ ဣစ္စေဝံ သဗ္ဗထာပိ အဋ္ဌာရသာဟေတုက-စိတ္တာနိ သမတ္တာနိ။

၁၂၊ ဣစ္စေဝံ-ဣတိဧဝံ-ယထာဝုတ္တ နယေန၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော အနက်ကို သိကြောင်းဖြစ်သောနည်းဖြင့်။ သဗ္ဗထာပိ၊ ခပ်သိမ်းသော အပြားအားဖြင့်လည်း။ အဋ္ဌာရသ၊ ၁၈-ပါးကုန်သော။ အဟေတုက၊ သမ္ပယုတ်ဟိတ်မရှိကုန်သော။ ဝါ၊ အဟိတ်ဖြစ်ကုန်သော။ စိတ္တာနိ၊ ၁၂-ပါးသောစေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်၍အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်

ကုန်သောစိတ်သဘောတို့သည်။သံ-သံပုဏ္ဏံ၊ ပြည့်စုံခြင်းသို့။ အတ္တာနိ၊ရောက်ကုန်ပြီ။

## အဟိတ်စိတ်-သင်္ဂဟဂါထာ

၁၃။ သတ္တာကုသလပါကာနိ၊ ပုညပါကာနိ အဋ္ဌဓာ။
ကြိယစိတ္တာနိ တီဏီတိ၊အဋ္ဌာရသ အဟေတုကာ။

၁၃။ အကုသလ-အကုသလာနံ၊ ကုသိုလ်၏ဆန့်ကျင်ဘက်ဖြစ်ကုန်သောအကုသိုလ်တို့၏။ပါကာနိ၊ရင့်ကျက်သော အကျိုးဝိပါက် စိတ်တို့သည်။ သတ္တ၊ ၇-ပါး အပြားရှိကုန်သည်။သိယုံ၊ ဖြစ်ကုန်၏။ ပုည-ပုညာနံ၊ အကုသိုလ်တရားတို့ကို သုတ်သင်တတ်ကုန်သော ကုသိုလ်တရားတို့၏။ ပါကာနိ၊ ရင့်ကျက်သော အကျိုးဝိပါက်စိတ်တို့သည်။ အဋ္ဌဓာ၊၈-ပါး အပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ ကြိယ၊ ပြုကာမတ္တကြိယာဖြစ်ကုန်သော။ စိတ္တာနိ၊ အာရုံကိုသိတတ်ကုန်သော သဘောစိတ်တို့သည်။ တီဏိ၊ ၃-ပါးအပြားရှိကုန်သည်။ သိယုံ၊ဖြစ်ကုန်၏။ ဣတိ၊ဤသို့။အဟေတုကာ၊သမ္ပယုတ်ဟိတ်မရှိကုန်သော အဟိတ်စိတ်တို့သည်။ အဋ္ဌာရသ၊ ၁၈-ပါး အပြားရှိကုန်သည်။သိယုံ၊ဖြစ်ကုန်၏။

## အဟိတ်စိတ် ၁၈-ပါးသရုပ်

အဟိတ် အကုသလဝိပါက်စိတ်—၇။ အဟိတ် ကုသလဝိပါက်စိတ်—၈။ အဟိတ်ကြိယာစိတ်—၃။ ပေါင်းအဟိတ်စိတ် ၁၈-ပါးဖြစ်၏။

အဟိတ်အကုသလဝိပါက်ဥပေက္ခာ-၆။ အဟိတ်ကုသလဝိပါက်ဥပေက္ခာ-၆။ အဟိတ်ကြိယာဥပေက္ခာ-၂။ ပေါင်းအဟိတ်ဥပေက္ခာစိတ် ၁၄-ပါးနှင့်တကွ အဟိတ်အကုသလ

ဝိပါက် ဒုက္ခသဟဂုတ်စိတ်-၁။ အဟိတ်ကုသလဝိပါက်သုခ သဟဂုတ်စိတ်-၁။ အဟိတ်ကုသလဝိပါက် သောမနဿသန္တီ ရဏစိတ်-၁ အဟိတ်ကြိယာ သောမနဿ ဟသိတုပ္ပါဒ်-၁၊ ပေါင်းအားလုံးအဟိတ်စိတ် ၁၈-ပါး ဖြစ်၏။

ဥပေက္ခာဝေဒနာနှင့် ယှဉ်သောစိတ်-၁၄။ သောမနဿ ဝေဒနာနှင့်ယှဉ်သောစိတ်-၂။ ဒုက္ခဝေဒနာနှင့် ယှဉ်သော စိတ်-၁။ သုခဝေဒနာနှင့်ယှဉ်သောစိတ်-၁။ ပေါင်း ၁၈-ပါး။

စက္ခုဝိညာဏ်ခွေ၊ သောတဝိညာဏ်ခွေ၊ ဃာနဝိညာဏ် ခွေ၊ ဇိဝှါဝိညာဏ်ခွေ၊ ကာယဝိညာဏ်ခွေ၊ သမ္ပဋိစ္ဆိုင်းခွေ၊ သန္တီရဏ-၃၊ ပဉ္စဒွါရာဝဇ္ဇန်း-၁။ မနောဒွါရာဝဇ္ဇန်း-၁၊ ဟသိတုပ္ပါဒ်-၁။ ပေါင်း အဟိတ်စိတ် ၁၈-ပါး ဖြစ်ပါ သည်။

ဥပေက္ခာစိတ် ၁၄-ခု ဥပေက္ခာဝေဒနာ။ သောမနဿ စိတ် ၂-ခု သောမနဿဝေဒနာ၊ ဒုက္ခသဟဂုတ်စိတ် ၁-ခု ဒုက္ခဝေဒနာ။ သုခသဟဂုတ်စိတ်-၁ခု-သုခဝေဒနာ။ ဤကဲ့သို့ ဝေဒနာအားဖြင့် ၄-ပါးရပါသည်။

ဤတွင်အဟိတ်စိတ် ၁၈-ပါးပြီး၏။

---

ကာမာဝစရသောဘနစိတ်သင်္ချာပြဂါထာ

၁၄။ ပါပါဟေတုကမုတ္တာနိ၊ သောဘနာနီတိဝုစ္စရေ။
ဧကူနသဋ္ဌိစိတ္တာနိ၊ အထေကနဝုတီပိဝါ။

၁၄။ ပါပ၊ အပါယ် ၄-ပါးသို့ အပြားအားဖြင့် ကျ ရောက်စေတတ်ကုန်သော အကုသိုလ်စိတ် ၁၂-ပါး,။

အဟေတုက- အဟေတုကေဟိ၊ သမ္ပယုတ်ဟိတ် မရှိကုန်သော အဟိတ်စိတ် ၁၈-ခုတို့မှ။ ပုတ္တာနိ၊ လွတ်ကုန်သော။ ကေ-ကေန၊ တခုဖြင့်။ ဥနာ၊ ယုတ်ကုန်သော။ သဋ္ဌိ၊ ၆၀-ကုန်သော။ စိတ္တာနိ၊ အာရုံကိုသိတတ်ကုန်သော စိတ်တို့ကို။ သောဘနာနီတိ၊ သောဘန စိတ်တို့ဟူ၍။ ဝါ၊ တင့်တယ်ကုန်သော စိတ်တို့ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။ အထဝါ၊ တနည်းကား။ ကေနဝုတိပိဝါ၊ ၉၁-ပါးသော စိတ်တို့ကိုလည်း။ သောဘနာနီတိ၊ တင့်တယ်သောစိတ်တို့ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။

[မှတ်ရန်] အကုသိုလ်စိတ် ၁၂-ပါး + အဟိတ်စိတ် ၁၈-ပါး၊ ပေါင်းအသောဘနစိတ် ၃၀။ အကျဉ်းအားဖြင့် သောဘနစိတ် ၅၉-ပါး အကျယ်အားဖြင့် ၉၁-ပါးဖြစ်၏။ အားလုံးပေါင်းစိတ်အကျယ် ၁၂၁-ပါးဖြစ်၏။ ကာမာဝစရစိတ် ၅၄-ပါးအနက် အသောဘနစိတ် ၃၀-ကိုနုတ်၊ ကျန် ၂၄-ပါးသောစိတ်တို့သည် ကာမာဝစရ သောဘနစိတ် မည်ကုန်၏။

## ကာမာဝစရ သောဘနစိတ် ၂၄-ပါး

### မဟာကုသိုလ်စိတ် ၈-ပါး

၁၅။ သောမနဿသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ။ သသင်္ခါရိကမေကံ၊ ။ သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ။ သသင်္ခါရိကမေကံ။ ။ ဥပေက္ခာသဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ။ သသင်္ခါရိကမေကံ။ ။ ဥပေက္ခာ သဟဂတံ ဉာဏဝိပ္ပယုတ္တံ

အသင်္ခါရိကမေကံ။ သသင်္ခါရိက မေကန္တိ ဣမာနိ အဋ္ဌပိ ကာမာဝစရ ကုသလစိတ္တာနိ နာမ။

၁၅။ ၁-သောမနဿ-သောမနဿေန၊ကောင်းသော စိတ်၏အဖြစ်ဟုဆိုအပ်သော။ ဝါ၊ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်၏အဖြစ်ဟု ဆိုအပ်သော သာသာယာယာ ခံစား တတ်သော သဘော သောမနဿဝေဒနာနှင့်။ သဟ၊တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ ဉာဏ-ဉာဏေန၊ ကံ, ကံ၏အကျိုး,အနိစ္စစသည်ကို အပြားအားဖြင့် သိတတ် သောဉာဏ်နှင့်။ သံ၊ အညီအညွတ်။ ပ၊အပြားတို့ဖြင့်။ ယုတ္တံ၊ ယှဉ်ထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင်ပြုပြင် စီရင် တတ်သော ရှေးပယောဂလည်း မရှိထသော။ ဧကံ၊၁-ပါး သော။ စိတ္တုပ္ပါဒ၊၃၃-ပါးသော စေတသိက်,ရံခါ ၃၄-ပါး သော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ၆-ပါးကိုထိုက်သည် အားလျော်စွာသိတတ်သောစိတ်သဘောလည်းကောင်း။....

[မှတ်ရန်] သောဘနသာဓာရဏ စေတသိက် ၁၉-ပါး + ပညိန္ဒြေစေတသိက် ၁ + အညသမာန်း စေတသိက် ၁၃-ပေါင်း၃၃-ခု အမြဲယှဉ်ပါသည်၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဝိရတီစေတသိက် ၃-ပါး။ ၎င်းပြင် ကရုဏာ, မုဒိတာတည်းဟူသော အပ္ပမညာစေတသိက် ၂-ပါး။ ပေါင်း ၅-ပါးသည် တခုစီ တခုစီ ရံခါ ရံခါ အထက်ပါ စေတသိက်တို့နှင့် ယှဉ်၍ဖြစ်၏။

၂-သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ် သော ရှေးပယောဂနှင့်လည်းတကွ ဖြစ်ထသော။ ဧကံ၊၁-ပါး သော။ စိတ္တုပ္ပါဒ၊ ၃၃-ပါးသော စေတသိက်, ရံခါ-၃၄-ပါး

သော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာသိတတ်သောစိတ်သဘောလည်းကောင်း၊ ··

၃—သောမနဿ-သောမနဿေန၊ ကောင်းသောစိတ်၏ အဖြစ်ဟုဆိုအပ်သော။ ဝါ၊ ကောင်းသော စိတ်ရှိသောပုဂ္ဂိုလ်၏ အဖြစ်ဟုဆိုအပ်သော သာယာယာယာ ခံစားတတ်သောသဘော သောမနဿဝေဒနာနှင့်၊ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော ဝါ၊ ဖြစ်ထသော၊ ဉာဏ-ဉာဏေန၊ ကံ, ကံ၏အကျိုး, အနိစ္စစသည်ကို အပြားအားဖြင့် သိတတ်သောဉာဏ်နှင့်၊ ဝိပ္ပယုတ္တံ၊ အပြားတို့ဖြင့် ယှဉ်ခြင်းကင်းထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သော ရှေးပယောဂလည်း မရှိထသော။ ကော၊ ၁-ပါးသော စိတ္တုပ္ပါဒ်၊ ၃၂-ပါးသော စေတသိက်,ရံခါ ၃၃-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း၊ ····

၄—သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သော ရှေးပယောဂနှင့်လည်းတကွ ဖြစ်ထသော ကော၊ ၁-ပါးသော။ စိတ္တုပ္ပါဒ်၊ ၃၂-ပါးသောစေတသိက်,ရံခါ၃၃-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း။····

၅—ဥပေက္ခာ-ဥပေက္ခာယ၊ မချမ်းမနှမ်းလျစ်လျူရှုတတ်သောသဘော ဥပေက္ခာဝေဒနာနှင့်၊ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ ဉာဏ-ဉာဏေန၊ ကံ, ကံ၏အကျိုး, အနိစ္စစသည်ကို အပြားအားဖြင့် သိတတ်

သောဉာဏ်နှင့်။ သံ၊ အညီအညွတ်။ပ၊ အပြားတို့ဖြင့်။ ယုတ္တံ၊ ယှဉ်ထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သော ရှေးပယောဂလည်း မရှိထသော။ ကော်၊ ၁-ပါးသော၊စိတ္တုဒ္ဓ၊၃၂-ပါးသောစေတသိက် [၃၃-ပါးမှပီတိကိုနုတ် ၃၂-ပါး]ရုံခါ ၃၃-ပါးသောစေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆ ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း။····

၆–သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သောရှေးပယောဂနှင့်လည်းတကွဖြစ်ထသော။ကော်၊၁-ပါးသော၊စိတ္တ၊ ၃၂-ပါးသော စေတသိက်,ရုံခါ ၃၃-ပါးသောစေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကိုထိုက်သည်အားလျော်စွာ သိတတ်သောစိတ်သဘောလည်းကောင်း။··

၇–ဥပေက္ခာ-ဥပေက္ခာယ၊ မချမ်းမပူန်း လျစ်လျူရှုတတ်သော သဘောဥပေက္ခာဝေဒနာနှင့်။သဟ၊တကွ။ဂတံ၊ နှီးနှောထသော။ဝါ၊ဖြစ်ထသော။ဉာဏ-ဉာဏေန၊ကံ,ကံ၏အကျိုး,အနိစ္စစသည်ကိုအပြားအားဖြင့်သိတတ်သောဉာဏ်နှင့်။ ဝိပ္ပယုတ္တံ၊အပြားတို့ဖြင့် ယှဉ်ခြင်းမှ ကင်းထသော။ အသင်္ခါရိကံ၊ထက်မြက်အောင်ပြုပြင်စီရင် တတ်သောရှေးပယောဂလည်းမရှိထသော။ကော်၊၁-ပါးသော။စိတ္တုဒ္ဓ၊ ၃၁-ပါးသောစေတသိက်(၃၃-ပါးမှပီတိနှင့် ပညာကိုနုတ်၃၁-ပါး) ရုံခါ ၃၂-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သောစိတ်သဘောလည်းကောင်း။····

၈–သသင်္ခါရိကံ။ ထက်မြက်အောင် ပြုပြင်စီရင်တတ်သော ရှေးပယောဂနှင့်လည်း တကွဖြစ်ထသော။ ကော်၊

၁-ပါးသော။စိတ္တုဒ္ဓ၊ ၃၁-ပါးသောစေတသိက်,ရံခါ-၃၂-ပါး သောစေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း။....

ဣတိ၊ဤသို့-အဥ္ဓပိ၊ဂ-ပါးလည်းဖြစ်ကုန်သော။ မာနိ၊ ဤစိတ်တို့သည်။ ကာမ-ကာမဿ၊အာရုံ ၆-ပါးကိုအလိုရှိတတ်သောကာမတဏှာ၏။အဝစရ-အဝစရာနိ၊ များသောအားဖြင့်ကျင်လည်တတ်, ဖြစ်တတ်ကုန်သော။ကု၊ စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို။ သလ၊ ပျက်ဆီးတတ်ကုန်သော ကုသိုလ်ဟုဆိုအပ်သော။ စိတ္တာနိနာမ၊ ၃၈-ပါးသော စေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်ကုန်သောစိတ်သဘောတို့မည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

[မှတ်ရန်] သောဘနသာဓာရဏစေတသိက် ၁၉ + အညသမာန်းစေတသိက်-၁၃ + ပညိန္ဒြေစေတသိက် ၁-ပေါင်း ၃၃-ပါးသည်မဟာကုသိုလ်စိတ် ဂ-ခုနှ်အမြဲယှဉ်၍ ဝိရတီစေတသိက် ၃။ အပ္ပမညာစေတသိက် ၂-ခု ပေါင်း ၅-ခုတို့သည် တခုစီ-တခုစီ ရံခါ-ရံခါ ထိုက်သည်အားလျော်စွာယှဉ်ပါသည်။

### မဟာကုသိုလ်စိတ် ဂ-ပါးသရုပ်

သောမနဿစိတ် ၄၊ ဥပေက္ခာစိတ် ၄၊ ပေါင်းမဟာကုသိုလ်စိတ် ဂ။

ဉာဏသမ္ပယုတ်စိတ် ၄၊ဉာဏဝိပ္ပယုတ်စိတ် ၄၊ ပေါင်းမဟာကုသိုလ်စိတ် ဂ။

အသင်္ခါရိကစိတ် ၄။ သသင်္ခါရိကစိတ် ၄၊ ပေါင်းမဟာကုသိုလ်စိတ် ၈။

တိဟိတ်စိတ် ၄။ ဒွိဟိတ်စိတ် ၄။ ပေါင်းမဟာကုသိုလ်စိတ် ၈။

တိဟိတ်ဉက္ကဋ္ဌစိတ် ၂။ တိဟိတ်ဩမကစိတ် ၂။
ဒွိဟိတ်ဉက္ကဋ္ဌစိတ် ၂။ ဒွိဟိတ်ဩမကစိတ် ၂။ ပေါင်း
မဟာကုသိုလ်စိတ် ၈။

သောမနဿစိတ် ၄-ခု သောမနဿဝေဒနာ၊ ဥပေက္ခာစိတ် ၄-ခု ဥပေက္ခာဝေဒနာ၊ ဝေဒနာအားဖြင့် ၂-ပါးရပါသည်။

အသောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်၊ ဟိတ်အားဖြင့် ၃-ပါးရပါသည်။

**မဟာဝိပါက်စိတ် ၈-ပါး**

၁၆။ သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ။ သသင်္ခါရိကမေကံ။ ။သောမနဿသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ။ သသင်္ခါရိကမေကံ။ ။ဥပေက္ခာသဟဂတံဉာဏသမ္ပယုတ္တံ အသင်္ခါရိကမေကံ။ ။သသင်္ခါရိကမေကံ၊ ၊ဥပေက္ခာသဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ။ သသင်္ခါရိကမေကန္တိ ဣမာနိ အဋ္ဌပိ သဟေတုက ကာမာဝစရ ဝိပါကစိတ္တာ နိနာမ။

၁၆။၁--သောမနဿ-သောမနဿေန၊ ကောင်းသောစိတ်၏ အဖြစ်ဟုဆိုအပ်သော။ ဝါ၊ ကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်၏ အဖြစ်ဟုဆိုအပ်သော သာသာယာယာခံစားတတ်သော သဘောသောမနဿ ဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ ဉာဏ-

ဉာဏေန၊ ကံ, ကံ၏ အကျိုး, အနိစ္စစသည်ကို အပြားအားဖြင့် သိတတ်သောဉာဏ်နှင့်။သံ၊အညီအညွတ်။ပ၊ အပြားတို့ဖြင့်။ ယုတ္တံ၊ယှဉ်ထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင်ပြုပြင်စီရင်တတ်သော ရှေးပယောဂလည်းမရှိထသော။ကေံ၊ ၁-ပါးသော။ စိတ္တုပ္ပါဒ်၊ ၃၃-ပါးသော စေတသိက် တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သောစိတ်သဘောလည်းကောင်း။....

၂—သသင်္ခါရိကံ၊ ထက်မြက်အောင်ပြုပြင် စီရင်တတ်သော ရှေးပယောဂနှင့်လည်းတကွဖြစ်ထသော။ကေံ၊၁-ပါးသော။ စိတ္တုပ္ပါဒ်၊ ၃၃-ပါးသော စေတသိက်တို့နှင့် ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သောစိတ်သဘောလည်းကောင်း။ [တိဟိတ်ပဌမသန္ဓေစိတ်။]

၃—သောမနဿ-သောမနဿေန၊ ကောင်းသောစိတ်၏ အဖြစ်ဟုဆိုအပ်သော။ ဝါ၊ ကောင်းသော စိတ်ရှိသောပုဂ္ဂိုလ်၏ အဖြစ်ဟုဆိုအပ်သော သာသာယာယာ ခံစားတတ်သော သဘော သောမနဿဝေဒနာနှင့်။သဟ၊တကွ။ ဂတံ၊ နှီးနှောထသော။ ဝါ၊ဖြစ်ထသော ဉာဏ-ဉာဏေန၊ ကံ,ကံ၏ အကျိုး,အနိစ္စစသည်ကို အပြားအားဖြင့် သိတတ်သော ဉာဏ်နှင့်။ဝိပ္ပယုတ္တံ၊ အပြားတို့ဖြင့်ယှဉ်ခြင်းမှ ကင်းထသော။အသင်္ခါရိကံ၊ထက်မြက်အောင်ပြုပြင်စီရင်တတ်သော ရှေးပယောဂလည်းမရှိထသော ကေံ၊၁-ပါးသော။ စိတ္တုပ္ပါဒ်၊ ၃၂-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း။ [ဒွိဟိတ်ပဌမသန္ဓေစိတ်။]

၄-သသင်္ခါရိကံ၊ ထက်မြက်အောင်ပြုပြင် စီရင်တတ်သော ရှေးပယောဂနှင့်လည်း တကွ ဖြစ်ထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တုပ္ပါဒ၊ ၃၂-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း။....

၅-ဥပေက္ခာ-ဥပေက္ခာယ၊ မချစ်မမုန်းလျစ်လျူရှုတတ်သော သဘော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ဝါ၊ ဖြစ်ထသော။ဉာဏ-ဉာဏေန၊ ကံ,ကံ၏အကျိုး, အနိစ္စစသည်ကို အပြားအားဖြင့် သိတတ်သော ဉာဏ်နှင့်။ သံ၊အညီအညွတ်။ပ၊အပြားတို့ဖြင့်။ ယုတ္တံ၊ယှဉ်ထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သောရှေးပယောဂလည်းမရှိထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တုပ္ပါဒ၊ ၃၂-ပါးသော စေတသိက် [၃၃-ပါးမှ ပီတိကိုနုတ် ၃၂] တို့နှင့်ယှဉ်၍အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း။ [တိဟိတ်ပဋိသန္ဓေစိတ်။]

၆-သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင် စီရင်တတ်သော ရှေးပယောဂနှင့်လည်းတကွ ဖြစ်ထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တုပ္ပါဒ၊ ၃၂-ပါးသော စေတသိက်တို့နှင့် ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း။....

၇-ဥပေက္ခာ-ဥပေက္ခာယ၊ မချစ်မမုန်းလျစ်လျူရှုတတ်သောသဘောဥပေက္ခာဝေဒနာနှင့်။သဟ၊တကွ။ဂတံ၊နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ ဉာဏ-ဉာဏေန၊ ကံ,ကံ၏ အကျိုး, အနိစ္စစသည်ကို အပြားအားဖြင့် သိတတ်သော ဉာဏ်

နှင့်။ ဝိပ္ပယုတ္တံ၊ အပြားတို့ဖြင့် ယှဉ်ခြင်းမှ ကင်းထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင် စီရင်တတ်သော ရှေးပယောဂလည်းမရှိထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တံ၊ ၃၁-ပါးသော စေတသိက် [၃၃-ပါးမှ ပီတိနှင့် ပညာ ကြဉ် ၃၁]တို့နှင့် ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘော လည်းကောင်း။....

၈—သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင် စီရင်တတ်သော ရှေးပယောဂနှင့် လည်းတကွ ဖြစ်ထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တံ၊ ၃၁-ပါးသော စေတသိက်တို့နှင့် ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘော လည်းကောင်း။....

ဣတိ၊ ဤသို့။ အဋ္ဌပိ၊ ၈-ပါးလည်းဖြစ်ကုန်သော၊ ဣမာနိ၊ ဤစိတ်တို့သည်။ ကာမ-ကာမဿ။ အာရုံ ၆-ပါးကိုအလိုရှိတတ်သော ကာမတဏှာ၏။ အဝစရ-အဝစရာနိ၊ များသောအားဖြင့် ကျင်လည်တတ်,ဖြစ်တတ်ကုန်သော။ သဟေတုက၊ သမ္ပယုတ်ဟိတ်ရှိကုန်သော။ ဝါ၊ သဟိတ်ဖြစ်ကုန်သော။ ဝိ၊ အဟိတ်ဝိပါက်ထက် ထူးကုန်သော။ ပါက၊ ရင့်ကျက်သောအကျိုး ဖြစ်ကုန်သော။ စိတ္တာနိနာမ၊ ၃၃-ပါးသော စေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာ ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်ကုန်သော စိတ်သဘောတို့ မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## မဟာဝိပါက်စိတ် ၈-ပါးသရုပ်

သောမနဿစိတ်-၄။ ဥပေက္ခာစိတ်-၄။ ပေါင်း မဟာဝိပါက်စိတ် ၈-ပါး။

သမ္ပယုတ်စိတ်-၄။ ဝိပ္ပယုတ်စိတ်-၄။ပေါင်း မဟာဝိပါက်စိတ် ၈-ပါး။

အသင်္ခါရိကစိတ်-၄။ သသင်္ခါရိကစိတ်-၄။ ပေါင်း မဟာဝိပါက်စိတ် ၈-ပါး။

တိဟိတ်စိတ်-၄။ ဒွိဟိတ်စိတ်-၄။ ပေါင်း မဟာဝိပါက်စိတ် ၈-ပါး။

တိဟိတ် ဥက္ကဋ္ဌစိတ်-၂။
ဒွိဟိတ် ဥက္ကဋ္ဌစိတ်-၂။
တိဟိတ်ဩမကစိတ်-၂။
ဒွိဟိတ် ဩမကစိတ်-၂။
-ပေါင်း မဟာဝိပါက်စိတ်၈-ပါး။

သောမနဿစိတ် ၄-ခု သောမနဿဝေဒနာ။ ဥပေက္ခာစိတ် ၄-ခု ဥပေက္ခာဝေဒနာ။ဝေဒနာအားဖြင့် ၂-ပါးရပါသည်။

အလောဘဟိတ်,အဒေါသဟိတ်,အမောဟဟိတ်။ဟိတ်အားဖြင့် ၃-ပါးရပါသည်။

ကိစ္စအားဖြင့် ပဋိသန္ဓေကိစ္စ,ဘဝင်ကိစ္စ,တဒါရုံကိစ္စ,စုတိကိစ္စ ၄-ကိစ္စတင်ပါသည်။

စေတသိက်အရ အညသမာန်းစေတသိက် ၁၃။သောဘနသာဓာရဏစေတသိက် ၁၉။ပညိန္ဒြေစေတသိက်-၁၊ပေါင်း ၃၃-ပါးသော စေတသိက်တို့သည် ထိုက်သည်အား လျော်စွာယှဉ်၏။

## မဟာကြိယာစိတ် ၈-ပါး

၁၇။ သောမနဿ သဟဂတံ ဉာဏသမ္ပယုတ္တံ အသင်္ခါ-
ရိကမေကံ။သသင်္ခါရိက မေကံ။ ။သောမနဿ-
သဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိကမေကံ။သ-
သင်္ခါရိကမေကံ။ ဥပေက္ခာသဟဂတံ ဉာဏသမ္ပ-

ယုတ္တံ အသင်္ခါရိကံ မေကံ။ သသင်္ခါရိက မေကံ။
ဥပေက္ခာ သဟဂတံ ဉာဏဝိပ္ပယုတ္တံ အသင်္ခါရိက-
မေကံ။ သသင်္ခါရိက မေကန္တိ မာနိ အ ပိ
သဟေတုက ကာမာဝစရကြိယစိတ္တာနိနာမ။ ။

၁၇။ ၁-သောမနဿ-သောမနဿေန၊ ကောင်းသော စိတ်၏ အဖြစ်ဟုဆိုအပ်သော။ ဝါ၊ ကောင်းသော စိတ်ရှိသော ပုဂ္ဂိုလ်၏ အဖြစ်ဟုဆိုအပ်သော သာယာ ယာယာ ခံစားတတ်သောသဘော သောမနဿဝေဒနာနှင့်၊ သဟ၊ တက္က။ ဂတံ၊ နှီးနှောထသော။ ဝါ၊ ဖြစ်ထသော။ ဉာဏ-ဉာဏေန၊ ကံ,ကံ၏ အကျိုး, အနိစ္စစသည်ကို အပြားအား ဖြင့် သိတတ်သော ဉာဏ်နှင့်။ သံ၊အညီအညွတ်။ပ၊ အပြား တို့ဖြင့်။ ယုတ္တံ၊ယှဉ်ထသော။ အသင်္ခါရိကံ၊ထက်မြက်အောင် ပြုပြင်စီရင်တတ်သော ရှေးပယောဂလည်း မရှိထသော ဧကံ၊၁-ပါးသော။ စိတ္တံ၊ ၃၃-ပါးသော စေတသိက်,ရံခါ ၃၄-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါး ကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘော လည်းကောင်း။....

၂—သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ် သော ရှေးပယောဂနှင့်လည်း တက္ကဖြစ်ထသော။ ဧကံ၊ ၁-ပါးသော။စိတ္တံ၊ ၃၃-ပါးသောစေတသိက်,ရံခါ ၃၄-ပါးသော စေတသိက်တို့နှင့် ယှဉ်၍ အာရုံ ၆-ပါးကိုထိုက် သည် အားလျော်စွာ သိတတ်သော စိတ်သဘော လည်း ကောင်း။....

၃—သောမနဿ-သောမနဿေန၊ ကောင်းသောစိတ် ၏ အဖြစ်ဟုဆိုအပ်သော။ ဝါ၊ ကောင်းသော စိတ်ရှိသော

ပုဂ္ဂိုလ်၏ အဖြစ်ဟုဆိုအပ်သော သာသာယာယာ ခံစား တတ်သောသဘော သောမနဿဝေဒနာနှင့်။ သဟ၊တကွ။ ဂတံ၊နှီးနှောထသော။ဝါ၊ ဖြစ်ထသော။ဉာဏ-ဉာဏေန၊ကံ, ကံ၏အကျိုး, အနိစ္စစသည်ကိုအပြားအားဖြင့် သိတတ်သော ဉာဏ်နှင့်။ဝိပ္ပယုတ္တံ၊ အပြားတို့ဖြင့် ယှဉ်ခြင်းမှကင်းထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင်ပြုပြင်စီရင်တတ်သော ရှေး ပယောဂလည်းမရှိထသော။ကော်၊ ၁-ပါးသော။စိတ္တုပ္ပါဒ၊ ၃၂- ပါးသောစေတသိက်,ရံခါ ၃၃-ပါးသောစေတသိက်တို့နှင့် ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာသိတတ် သော စိတ်သဘောလည်းကောင်း။....

၄—သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ် သောရှေးပယောဂနှင့်လည်းတကွဖြစ်ထသော။ကော်၊ ၁-ပါး သော၊ စိတ္တုပ္ပါဒ၊ ၃၂-ပါးသောစေတသိက်, ရံခါ ၃၃-ပါး သောစေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကိုထိုက်သည် အားလျော်စွာ သိတတ်သောစိတ်သဘောလည်းကောင်း။..

၅—ဥပေက္ခာ-ဥပေက္ခာယ၊ မချစ်မမုန်းလျစ်လျူရှုတတ် သောသဘောဥပေက္ခာဝေဒနာနှင့်။သဟ၊တကွ။ဂတံ၊နှီးနှော ထသော။ ဝါ၊ ဖြစ်ထသော။ ဉာဏ-ဉာဏေန၊ ကံ, ကံ၏အ ကျိုး, အနိစ္စစသည်ကိုအပြားအားဖြင့် သိတတ်သောဉာဏ် နှင့်။သံ၊ အညီအညွတ်၊ ပ၊ အပြားတို့ဖြင့်။ ယုတ္တံ၊ ယှဉ်ထ သော၊အသင်္ခါရိကံ၊ထက်မြက်အောင်ပြုပြင်စီရင်တတ်သော ရှေးပယောဂလည်းမရှိထသော၊ ကော်၊ ၁-ပါးသော။စိတ္တုပ္ပါဒ၊ ၃၂-ပါးသော စေတသိက်, ရံခါ ၃၃-ပါးသော စေတ သိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော် စွာသိတတ်သော စိတ်သဘောလည်းကောင်း။....

၆—သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သော ရှေးပယောဂနှင့်လည်း တကွဖြစ်ထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တံ၊ ၃၂-ပါးသောစေတသိက်, ရုံခါ ၃၃-ပါးသော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကိုထိုက်သည် အားလျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း။....

၇—ဥပေက္ခာ-ဥပေက္ခာယ၊ မချစ်မမုန်းလျစ်လျူရှုတတ်သောသဘော ဥပေက္ခာဝေဒနာနှင့်။ သဟ၊ တကွ။ ဂတံ၊ နှီးနှောထသော။ဝါဖြစ်ထသော။ဉာဏ-ဉာဏေန၊ကံ, ကံ၏အကျိုး, အနိစ္စစသည်ကို အပြားအားဖြင့် သိတတ်သောဉာဏ်နှင့်။ဝိပ္ပယုတ္တံ၊ အပြားတို့ဖြင့် ယှဉ်ခြင်းမှကင်းထသော။ အသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင် စီရင်တတ်သော ရှေးပယောဂလည်းမရှိထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တံ၊ ၃၁-ပါးသောစေတသိက်, ရုံခါ ၃၂-ပါးသောစေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း။....

၈—သသင်္ခါရိကံ၊ ထက်မြက်အောင် ပြုပြင်စီရင်တတ်သော ရှေးပယောဂနှင့်လည်း တကွဖြစ်ထသော။ ဧကံ၊ ၁-ပါးသော။ စိတ္တံ၊ ၃၁-ပါးသော စေတသိက်, ရုံခါ ၃၂-ပါး သော စေတသိက်တို့နှင့်ယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အား လျော်စွာ သိတတ်သော စိတ်သဘောလည်းကောင်း။....

ဣတိ၊ဤသို့။ အဋ္ဌပိ၊ ၈-ပါးလည်းဖြစ်ကုန်သော။ဣမာနိ၊ ဤစိတ်တို့သည်။ သဟေတုက၊ သမ္ပယုတ်ဟိတ်နှင့် တကွ

ဖြစ်ကုန်သော။ကာမ-ကာမဿ၊ အာရုံ ၆-ပါးကို အလိုရှိ တတ်သောကာမတဏှာ၏။အဝစရ-အဝစရာနိ၊ များသော အားဖြင့်ကျင်လည်တတ်,ဖြစ်တတ်ကုန်သော။ ကြိယ၊ ပြုကာ မတ္တကြိယာဖြစ်ကုန်သော။ စိတ္တာနိနာမ၊ ၃၅-ပါး သော စေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်သော စိတ် သဘောတို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

### မဟာကြိယာစိတ် ၈-ပါးသရုပ်

သောမနဿစိတ်-၄။ ဥပေက္ခာစိတ်-၄။ ပေါင်း မဟာ ကြိယာစိတ်-၈-ပါး။

သမ္ပယုတ်စိတ်-၄၊ ဝိပ္ပယုတ်စိတ် ၄။ပေါင်းမဟာကြိယာ စိတ်-၈-ပါး။

အသင်္ခါရိကစိတ်-၄။ သသင်္ခါရိကစိတ်၄။ ပေါင်းမဟာ ကြိယာစိတ်-၈-ပါး။

တိဟိတ်စိတ်-၄။ ဒွိဟိတ်စိတ်-၄။ ပေါင်း မဟာကြိယာ စိတ်-၈-ပါး။

တိဟိတ် ဥက္ကဋ္ဌစိတ်-၂။<br>
ဒွိဟိတ် ဥက္ကဋ္ဌစိတ် -၂။<br>
တိဟိတ်ဩမကစိတ်-၂။<br>
ဒွိဟိတ် ဩမကစိတ်-၂။ } -ပေါင်းမဟာကြိယာစိတ် ၈-ပါး။

### ကာမာဝစရ သောဘနစိတ် နိဂုံး

၁၀။ ဣစ္စေဝံ သဗ္ဗထာပိ စတုဝီသတိ သဟေတုက- ကာမာဝစရ ကုသလဝိပါကကြိယ စိတ္တာနိ သမတ္တာနိ။

၁၇။ ဣဋ္ဌေဝံ-ဣတိ ဧဝံ-ယထာဝုတ္တနယေန၊ အကြင်အကြင်ဆိုအပ်ခဲ့ပြီးသော အနက်ကိုသိကြောင်း ဖြစ်သောနည်းဖြင့်။ သဗ္ဗထာပိ၊ခပ်သိမ်းသောအပြားအားဖြင့်လည်း။ စတုဝီသတိ၊ ၂၄-ပါးကုန်သော။ ကာမ-ကာမသ္မိ၊ အာရုံ ၆-ပါးကို အလိုရှိတတ်သော ကာမတဏှာ၏။ အဝစရ-အဝစရာနိ၊ များသောအားဖြင့်အာရုံပြု၍ကျင်လည်တတ်, ဖြစ်တတ် ကုန်သော။ ကု၊ စက်ဆုပ်အပ်သော အကုသိုလ်တရားတို့ကို၊သလ၊ ဖျက်ဆီးတတ်သောကုသိုလ်။ ဝိ၊ အပါတ်ဝိပါက်ထက် ထူးသော။ ပါက၊ ရင့်ကျက်သော အကျိုးဝိပါက်။ ကြိယ၊ ပြုကာမတ္တကြိယာဖြစ်ကုန်သော။ စိတ္တာနိ၊ ၃၇-ပါးသော စေတသိက်တို့နှင့် ထိုက်သည်အားလျော်စွာယှဉ်၍ အာရုံ ၆-ပါးကို ထိုက်သည်အားလျော်စွာ သိတတ်ကုန်သောစိတ်သဘောတို့သည်။ သံ-သံပုဏ္ဏံ ပြည့်စုံခြင်းသို့။ အတ္တာနိ၊ရောက်ကုန်ပြီ။

### ကာမာဝစရ သောဘနစိတ် သင်္ဂဟဂါထာ

၁၈။ ဝေဒနာ ဉာဏသင်္ခါရ၊ဘေဒေန စတုဝီသတိ။
သဟေတုကာမာဝစရ၊ပုညပါကကြိယာ မတာ။ ။

၁၉။ သဟေတု၊ သမ္ပယုတ်ဟိတ်နှင့်တကွ ဖြစ်ကုန်သော။ ကာမ-ကာမသ္မိ၊ အာရုံ ၆-ပါးကို အလိုရှိတတ်သော ကာမတဏှာ၏။ အဝစရ-အဝစရာနိ၊ များသောအားဖြင့် အာရုံပြု၍ ကျင်လည်ရာဖြစ်ကုန်သော။ ပုည၊ အကုသိုလ်တရားတို့ကို သုတ်သင်တတ်ကုန်သောကုသိုလ်။ ပါက၊ ရင့်ကျက်သော အကျိုးဝိပါက်။ ကြိယာ၊ ပြုကာမတ္တဖြစ်သော ကြိယာတို့ကို။ ဝေဒနာ၊ ခံစားတတ်သော သောမနဿ,

ဥပေက္ခာဝေဒနာ။ ဉာဏ၊ဉာဏသမ္ပယုတ်, ဉာဏဝိပ္ပယုတ်။ သင်္ခါရ-သင်္ခါရာနံ။ အသင်္ခါရိက, သသင်္ခါရိက တို့၏။ ဘေဒေန၊ အပြားအားဖြင့်။ စတုဝီသတိ၊ ၂၄-ပါး အပြား ရှိကုန်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။

## ကာမာဝစရစိတ် သင်္ဂဟဂါထာ

၂၀။ ကာမေ တေဝီသ ပါကာနိ၊ပုညာ ပုညာနိ၊ဝီသတိ။
ဧကာဒသကြိယာ စေတိ၊စတုပညာသ သဗ္ဗထာ။

၂၀။ ကာမေ၊ ကာမတဏှာသည် အလိုရှိအပ်သော ကာမ ၁၁-ဘုံ၌။ အဝစရာနိ၊ကျင်လည်တတ်, ဖြစ်တတ်ကုန်သော။ ပါကာနိ၊ ရင့်ကျက်သော အကျိုးဖြစ် ကုန်သော ဝိပါက်စိတ်တို့သည်။ တေဝီသ၊ ၂၃-ပါးအပြား ရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ ပုည၊ အကုသိုလ် တရားတို့ကို သုတ်သင်တတ်ကုန်သော ကုသိုလ်စိတ်။ အပုညာနိ၊ ကုသိုလ်၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သော အကုသိုလ် စိတ်တို့သည်။ ဝီသတိ၊ ၂၀-အပြား ရှိကုန်သည်။ သိယုံ၊ ဖြင်ကုန်၏။ ကြိယာစ၊ ပြုကာ မတ္တကြိယာဖြစ်ကုန်သော စိတ်တို့သည် လည်း။ ဧကာဒသ၊ ၁၁-ပါး အပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။ဣတိ၊ဤသို့။ကာမာဝစရာနိ၊ ကာမာဝစရစိတ်တို့ သည်။ သဗ္ဗထာ၊ ခပ်သိမ်းသော အပြားအားဖြင့်။ စတုပညာသ၊ ၅၄-ပါးအပြားရှိကုန်သည်။ သိယုံ၊ ဖြစ်ကုန်၏။

## ကာမာဝစရ သောဘနစိတ် ၂၄-ပါးသရုပ်

မဟာကုသိုလ်စိတ်-၈။ မဟာဝိပါက်စိတ်-၈။ မဟာ ကြိယာစိတ်-၈။ ပေါင်း ၂၄-ပါး။

သောမနဿစိတ်-၁၂။ ဥပေက္ခာစိတ်-၁၂။ ပေါင်း ၂၄-ပါး၊
အသင်္ခါရိကစိတ်-၁၂။ သသင်္ခါရိကစိတ် ၁၂၊ ပေါင်း ၂၄-ပါး၊
တိဟိတ်စိတ်-၁၂။ ဒွိဟိတ်စိတ်-၁၂။ ပေါင်း ၂၄-ပါး။

သောမနဿစိတ်-၁၂ သောမနဿဝေဒနာ။ ဥပေက္ခာစိတ်-၁၂ ဥပေက္ခာဝေဒနာ။ ဝေဒနာအားဖြင့် ၂-ပါးရပါသည်။

ဟိတ်အားဖြင့် အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ် ၃-ပါးရပါသည်။

ဤတွင် ကာမာဝစရ သောဘနစိတ် ၂၄-ပါးပြီး၏။

---

## ကာမာဝစရစိတ် ၅၄-ပါး သရုပ်

လောဘမူစိတ်-၈။ ဒေါသမူစိတ်-၂။ မောဟမူစိတ်-၂ ပေါင်းအကုသိုလ်စိတ် ၁၂-ပါး။ အဟိတ်အကုသလဝိပါက်စိတ်-၇။ အဟိတ် ကုသလဝိပါက်စိတ်-၈။ အဟိတ်ကြိယာစိတ် ၃။ ပေါင်း အဟိတ်စိတ်-၁၈-ပါး။

မဟာကုသိုလ်စိတ်-၈။ မဟာဝိပါက်စိတ်-၈။ မဟာ ကြိယာစိတ်-၈။ ပေါင်း ကာမာဝစရ သောဘနစိတ်-၂၄။ အားလုံးပေါင်း ကာမာဝစရစိတ် ၅၄-ပါးဖြစ်ပါသည်။

သောမနဿစိတ်-၁၈။ ဥပေက္ခာစိတ်-၃၂။ ဒေါမနဿစိတ်-၂။ ဒုက္ခသဟဂုတ်စိတ်-၁။ သုခသဟဂုတ်စိတ်-၁ ပေါင်းကာမာဝစရစိတ်-၅၄-ပါး။

ကာမာဝစရ ဝိပါက်စိတ်- ၂၃။ ကုသိုလ်, အကုသိုလ် စိတ် -၂၀။ ကြိယာစိတ်-၁၁။ ပေါင်း ၅၄-ပါး။

| | |
|---|---|
| အဟိတ်အကုသလဝိပါက်စိတ်-၇။<br>အဟိတ်ကုသလဝိပါက်စိတ်-၈။<br>မဟာဝိပါက်စိတ်-၈။ | ၂၃ |
| အကုသိုလ်စိတ်-၁၂။<br>မဟာကုသိုလ်စိတ်-၈။ | ၂၀ |

အဟိတ်ကြိယာ-၃။ } ၁၁
မဟာကြိယာ-၈။ }

ပေါင်း-၅၄-ပါး။

အသင်္ခါရိကစိတ်-၃၇။ သသင်္ခါရိကစိတ်-၁၇။ ပေါင်း ကာမာဝစရစိတ် ၅၄-ပါး၊

သောမနဿဝေဒနာနှင့်ယှဉ်သောစိတ်-၁၈။ ဥပေက္ခာဝေဒနာနှင့် ယှဉ်သောစိတ်-၃၂။ ဒေါမနဿ ဝေဒနာနှင့် ယှဉ်သောစိတ်-၂။ ဒုက္ခဝေဒနာနှင့်ယှဉ်သောစိတ်-၁။ သုခဝေဒနာနှင့် ယှဉ်သောစိတ်-၁၊ ပေါင်း ကာမာဝစရစိတ် ၅၄-ပါး။

ဤကွင် ကာမာဝစရစိတ် ၅၄-ပါးပြီး၏။

---

## ရူပါဝစရစိတ် ၁၅-ပါး

### ရူပါဝစရကုသိုလ်စိတ် ၅-ပါး

၂၁။ ဝိတက္က ဝိစာရ ပီတိ သုခေကဂ္ဂတာသဟိတံ ပဌမဇ္ဈာနကုသလစိတ္တံ။ ဝိစာရ ပီတိသုခေကဂ္ဂတာသဟိတံ ဒုတိယဇ္ဈာနကုသလစိတ္တံ။ ပီတိသုခေကဂ္ဂတာသဟိတံ တတိယဇ္ဈာနကုသလစိတ္တံ။ သုခေကဂ္ဂတာသဟိတံ စတုတ္ထဇ္ဈာနကုသလစိတ္တံ။ ဥပေက္ခေကဂ္ဂတာသဟိတံ ပဉ္စမဇ္ဈာန ကုသလ စိတ္တဉ္စေတိ ဣမာနိ ပဉ္စပိ ရူပါဝစရကုသလစိတ္တာနိ နာမ။

၂၁။၁-ဝိတက္က၊ သမ္ပယုတ်တရားတို့ကိုကသိုဏ်းပဋိဘာဂနိမိတ်စသော ပညတ်အာရုံသို့ရောက်အောင်တင်တတ်သော သဘောဝိတက်,။ ဝိစာရ၊ သမ္ပယုတ်တရားတို့ကို ကသိုဏ်း

ပဋိဘာဂနိမိတ်စသော ပညတ်အာရုံ၌ တရစ်ဝဲဝဲသုံးသပ်စေ တတ်သော သဘောဝိစာရ,။ ပီတိ၊ သမ္ပယုတ်တရားတို့ကို ကသိုဏ်း ပဋိဘာဂနိမိတ်စသော ပညတ်အာရုံ၌ နှစ်သက် စေတတ်, ပျို့စေတတ်သောသဘော ပီတိ, သုခ၊ သမ္ပယုတ် တရားတို့ကို ကသိုဏ်းပဋိဘာဂနိမိတ်စသော ပညတ်အာရုံ ၌ သာယာချမ်းမြေ့စေတတ်သော သဘော သုခ,၊ ဧကဂ္ဂ- တာ-ဧကဂ္ဂတာဟူတိ၊ သမ္ပယုတ် တရားတို့ကိုကသိုဏ်း ပဋိ- ဘာဂနိမိတ်စသော ပညတ်အာရုံ၌ မပြန့်မလွင့် တည်စေ တတ်သော သဘော ဧကဂ္ဂတာ-ဟု။ သဒ္ဓါတေဟိ၊ ဆိုအပ် ကုန်သော။ ပဥ္စဟိ။ ၅-ပါးကုန်သော၊ ဈာနင်္ဂေဟိ၊ ဈာန် အင်္ဂါတို့နှင့်။ သဟိတံ၊ တကွဖြစ်ထသော၊ ပဌမ၊ ရှေးဦးစွာ ဖြစ်သော။ ဈာန-ဈာနေနေ၊ အာရုံကို ကပ်၍ရှုတတ် သောဈာန်၊ ဝါ၊ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့ကို လောင်ကျွမ်းစေတတ်သော သဘောဈာန်နှင့်။သံ၊ အညီအ ညွတ်။ပ၊ အပြားတို့ဖြင့်၊ ယုတ္တံ၊ယှဉ်ထသော။ ကု၊စက်ဆုပ် အပ်သော အကုသိုလ် တရားတို့ကို။ သလ၊ ဖျက်ဆီးတတ် သောသဘောကုသိုလ်-ဟု ဆိုအပ်သော စိတ္တံ၊ ၃၃-ပါး သော စေတသိက်, ရံခါ ၃၄-ပါးသော စေတသိက်တို့နှင့် ယှဉ်၍ ကသိုဏ်းပဋိဘာဂနိမိတ်စသော ပညတ်အာရုံကို ထိုက်သည်အားလျော်စွာ သိတတ်သော သဘောလည်း ကောင်း။....

၂—ဝိစာရ၊ သမ္ပယုတ်တရားတို့ကို ကသိုဏ်း ပဋိဘာဂ နိမိတ်စသောပညတ်အာရုံ၌တရစ်ဝဲဝဲသုံးသပ်စေတတ်သော သဘောဝိစာရ,။ပီတိ၊ သမ္ပယုတ်တရားတို့ကို ကသိုဏ်းပဋိ ဘာဂနိမိတ်စသော ပညတ်အာရုံ၌ နှစ်သက် စေတတ်,

ပျို့စေတတ်သောသဘော ပီတိ,။ သုခ၊ သမ္ပယုတ် တရားတို့ကို ကသိုဏ်းပဋိဘာဂနိမိတ်စသော ပညတ်အာရုံ၌ သာယာချမ်းမြေ့ စေတတ်သော သဘောသုခ,။ ဧကဂ္ဂတာ-ဧကဂ္ဂတာ ဣတိ၊ သမ္ပယုတ်တရားတို့ကို ကသိုဏ်း ပဋိဘာဂနိမိတ်စသောပညတ်အာရုံ၌ မပြန့်မလွင့်တည်စေတတ်သောသဘောဧကဂ္ဂတာ-ဟု။သဒ္ဒါတေဟိ၊ဆိုအပ်ကုန်သော။စတူဟိ၊၄-ပါးကုန်သော။ဈာနင်္ဂေဟိ၊ဈာန်အင်္ဂါတို့နှင့်။သဟိတံ၊တကွဖြစ်ထသော၊ဒုတိယ၊၂-ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ ဈာန-ဈာနေန။ အာရုံကိုကပ်၍ ရှုတတ်သောဈာန်။ ဝါ၊ ဆန့်ကျင်ဘက်ဖြစ်သော ကိလေသာတို့ကို လောင်ကျွမ်းစေတတ်သောသဘောဈာန်နှင့်။ သံ၊အညီအညွတ်၊ပ၊အပြားတို့ဖြင့်၊ ယုတ္တံ၊ယှဉ်ထသော၊ ကု၊စက်ဆုပ်အပ်သောအကုသိုလ်တရားတို့ကို၊ သလ၊ဖျက်ဆီးတတ်သော သဘောကုသိုလ်-ဟု ဆိုအပ်သော။ စိတ္တံ၊ ၁၂-ပါးသော စေတသိက်, ရုံခါ ၃၃-ပါးသော စေတသိက်တို့နှင့် ယှဉ်၍ ကသိုဏ်း ပဋိဘာဂနိမိတ်စသော ပညတ်အာရုံကို ထိုက်သည်အား လျော်စွာ သိတတ်သော သဘောလည်းကောင်း။....

အဘိ၊ သုတ္တန်ထက် လွန်ကုန်,ထူးကုန်သော။ဓမ္မ-ဓမ္မ၊ ခန္ဓာစသော တရားတို့၏ တည်ရာဖြစ်သော အဘိဓမ္မာ ၇-ကျမ်း၌။ အတ္ထ-အတ္ထ၊ ဘုရားရှင်သည် အကျယ်အားဖြင့် ဟောတော်မူအပ်ကုန်သော စိတ်,စေတသိက်,ရုပ်,နိဗ္ဗာန်-တည်းဟူသော အနက်သဘောကို။ သံ၊ အကျဉ်းပေါင်း၍။ ဂဟေ၊ ယူအပ်ကုန်ရာ, ယူအပ်ကုန်ကြောင်း ဖြစ်သော အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌။ စိတ္တ-စိတ္တာနံ၊ အာရုံကိုသိတတ်သောသဘောစိတ်တို့ကို။သံ၊အကျဉ်းပေါင်း၍။ ဂဟံ၊ယူခြင်းကို။ ဝိ၊ အထူးသဖြင့်။ ဘာဂေါနာမ၊ ဝေဘန်ရာ, ဝေဘန်ကြောင်းအမည်ရှိသော။ ပဌမော၊ ရှေးဦးစွာဖြစ်သော။ ပရိစ္ဆေဒေါ၊ ကျမ်း၏ အပိုင်းအခြားသည်။ ဣတိ၊ ဤတွင် ပြီးပြီ။ ဝါ၊ဤတွင်ပြည့်စုံပြီ။

ဤတွင် စိတ်ကိုပြဆိုခြင်းပြီး၏။

---

## စေတသိက်ကို ပြဆိုခြင်း

### စေတသိက်လက္ခဏာ ၄-ပါး

၁။ ဧကုပ္ပါဒ နိရောဓာစ၊ ဧကာလမ္ဗဏ ဝတ္ထုကာ။
စေတောယုတ္တာ ဒွိပဉ္စာသ၊ဓမ္မာ စေတသိကာမတာ။

၁။ ဧက၊ စိတ်နှင့်တခုတည်းသော။ ဥပ္ပါဒ၊ ဖြစ်ပေါ်ခြင်း။ ဧက၊ စိတ်နှင့်တခုတည်းသော။ နိရောဓာစ၊ ချုပ်ခြင်းလည်း ရှိကုန်သော။ဝါ၊ ပျက်ခြင်းလည်းရှိကုန်ထသော။ ဧက၊ စိတ်နှင့်တခုတည်းသော။ အာလမ္ဗဏ၊ ကိုင်ဆွဲရာအာရုံ။ ဧက၊ စိတ်နှင့်တခုတည်းသော။ ဝတ္ထုကာစ၊ တည်ရာ။ ဝါ၊

မိုရာဝတ္တုလည်း ရှိကုန်ထသော။စေတော၊ အာရုံကိုသိတတ်သော သဘောစိတ်နှင့်။ ယုတ္တာ၊ ယှဉ်ကုန်ထသော။ ဒွိပညာသ၊ ၅၂ ပါးကုန်သော။ ဓမ္မာ-နိဿတ္တ, နိဇ္ဇီဝ, သဘာဝါ၊ သတ္တဝါ, အသက်-မဟုတ်ကုန်သော မိမိ, မိမိဟူသောမှတ်ကြောင်းလက္ခဏာ သဘောတရားတို့ကို။ ဝါ၊ မိမိ, မိမိ၏ မှတ်ကြောင်းလက္ခဏာမျှ ဖြစ်ကုန်သောတရားတို့ကို။စေတသိကာ၊ စေတသိက်မည်ကုန်၏-ဟူ၍၊ ဝါ၊ အာရုံကိုသိတတ်သော သဘောစိတ်၌ ယှဉ်တွယ်တတ်ကုန်သော သဘောတရားတို့မည်ကုန်၏-ဟူ၍။ မတာ၊ သိအပ်ကုန်၏။

## အညသမာန်းစေတသိက် ၁၃-ပါး

### သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-ပါး

၂။ ကထံ ဖဿော,ဝေဒနာ,သညာ,စေတနာ,ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယံ, မနသိကာရောစေတိ သတ္တိမေ စေကသိကာ သဗ္ဗစိတ္တသာဓာရဏာနာမ။

၂။ ကထံ၊ အဘယ်သို့ မတာ၊ သိအပ်ကုန်သနည်း။

၁-- ဖဿော၊ အာရုံကိုတွေ့တတ်သော သဘောလည်းကောင်း။....

၂--ဝေဒနာ၊ အာရုံကိုခံစားတတ်သော သဘောလည်းကောင်း....

၃--သညာ၊ အာရုံကိုမှတ်တတ်သော သဘောလည်းကောင်း။....

၄--စေတနာ၊ အာရုံ၌ သမ္ပယုတ်တရားတို့ကို စေ့ဆော်ပြုလုပ်တတ်သော သဘောလည်းကောင်း။....

၅—ကေဂ္ဂတာစ၊ အာရုံ၌ သမ္ပယုတ်တရားတို့ကို မပြန့်မလွင့် တည်စေတတ်သော တခုတည်းသော အာရုံအဘို့ရှိသော စိတ်၏အဖြစ်ဟုဆိုအပ်သော စိတ်၏တည်မှုသဘောလည်းကောင်း။....

၆—ဇီဝိတိန္ဒြိယဉ္စ၊ သမ္ပယုတ်တရားတို့ကို စောင့်ရှောက်တတ်, အစိုးရသည်၏ အဖြစ်ကိုပြုတတ်သော သဘောလည်းကောင်း။....

၇—မနသိကာရောစ၊ စိတ်ကိုအာရုံသို့ ရှေးရှုဖြစ်မှုကိုပြုလုပ်တတ်သော သဘောလည်းကောင်း။....

ဣတိ၊ ဤသို့။ သတ္တ၊ ၇-ပါးကုန်သော။ ဣမေ၊ ဤဆိုအပ်ကုန်ပြီးသော။ စေတသိကာ၊ စေတသိက်တို့သည်။ ဝါ၊ အာရုံကိုသိတတ်သောစိတ်၌ ယှဉ်တွဲတတ်ကုန်သော သဘောတရားတို့သည်။ သဗ္ဗ-သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ စိတ္တ-စိတ္တေဟိ၊အာရုံကိုသိတတ်ကုန်သော စိတ်တို့နှင့်။သာ-ဓာရဏာနာမ၊ ဆက်ဆံကုန်သော စေတသိက်တို့မည်ကုန်သည်။ ဝါ၊ တနည်းကား။ သ-သဟ၊ စိတ်နှင့်တကွ။ ပဝတ္တံ၊ ဖြစ်ခြင်းကို။ ဓာရဏာနာမ၊ ဆောင်တတ်ကုန်သော စေတသိက်တို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

### ပကိဏ်းစေတသိက် ၆-ပါး

၁။ ဝိတက္ကော,ဝိစာရော, အဓိမောက္ခော,ဝီရိယံ,ပီတိ, ဆန္ဒောစာတိ ဆ ဣမေ စေတသိကာပကိဏ္ဏကာ နာမ။

၃။ ၁–ဝိတက္ကော စ၊ အာရုံကို ကြံတတ်သော သဘော လည်းကောင်း။ ဝါ၊ အာရုံသို့သမ္ပယုတ်တရားတို့ကို ရောက်အောင်တင်တတ်သော သဘောလည်းကောင်း။····

၂–ဝိစာရော စ၊ အာရုံ၌ လှည့်လည်တတ်သော။ ဝါ၊ အာရုံ၌ သမ္ပယုတ်တရားတို့ကို လှည့်လည် စေတတ်သော။ ဝါ၊ အာရုံ၌သမ္ပယုတ်တရားတို့ကို တရစ်ဝဲဝဲသုံးသပ်စေတတ်သော သဘော လည်းကောင်း။····

၃–အဓိမောက္ခော စ၊ အာရုံကိုဆုံးဖြတ်တတ်သော သဘော လည်းကောင်း။····

၄–ဝီရိယဉ္စ၊ အားထုတ်တတ်သောသူတို့၏ အဖြစ် သဘော လည်းကောင်း။ ဝါ၊ အားထုတ်တတ်သော သူတို့၏ အမှုအံရာ သဘော လည်းကောင်း။····

၅–ပီတိ စ၊ အာရုံ၌ သမ္ပယုတ်တရားတို့ကို နှစ်သက်စေတတ်။ ဝါ၊ ပျို့စေတတ်။ ဝါ၊ ပွားစေတတ်သော သဘော လည်းကောင်း။····

၆–ဆန္ဒော စ၊ ပြုလုပ်သည် အစွမ်းအားဖြင့် အာရုံကို အလို ရှိတတ်, တောင့်တ တတ်သော သဘော လည်းကောင်း။····

ဣတိ၊ ဤသို့။ ဆ၊ ၆-ပါးကုန်သော။ ဣမေ၊ ဤဆိုအပ်ကုန်ပြီးသော။ စေတသိကာ၊ စေတသိက် တို့သည်။ ဝါ၊ အာရုံကို သိတတ်သောစိတ်၌ ယှဉ်တွယ်တတ်ကုန်သော သဘောတရားတို့သည်။ ပကိဏ္ဏကာနာမ၊ ပကိဏ်းစေတသိက်တို့မည်ကုန်သည်။ ဝါ၊ တင့်တယ်သောစိတ်, မတင့်တယ်သောစိတ်တို့၌ ပြွမ်း၍ ယှဉ်တတ်ကုန်သော စေတသိက်တို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

၄။ ဧဝ မေတေ တေရသ စေတသိကာ အညသမာနာ-
တိ ဝေဒိတဗ္ဗာ။

၄။ ဧဝံ၊ ဤသို့။ ဧတေ၊ ထိုဆိုအပ်ကုန်ပြီးသော။ တေရ-
သ၊ ၁၃-ပါးကုန်သော။ စေတသိကာ၊ စေတသိက်တို့ကို။
အညသမာနာတိ၊ အညသမာန်း စေတသိက်တို့-ဟူ၍။ ဝါ၊
တနည်းကား။ အည-အညေပတိ၊ မဆက်ဆံသော စိတ်တို့မှ
တပါး ဆက်ဆံသောစိတ်တို့နှင့်။ သမာနာတိ၊ တူကုန်သော
စေတသိက်တို့-ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။
ဤကွင် အညသမာန်းစေတသိက် ၁၃-ပါးပြီး၏။

---

## အကုသိုလ်စေတသိက် ၁၄-ပါး

၅။ မောဟော,အဟိရိကံ, အနောတ္တပ္ပံ,ဥဒ္ဓစ္စံ, လော-
ဘော,ဒိဋ္ဌိ, မာနော,ဒေါသော,ဣဿာ,မစ္ဆရိယံ,
ကုက္ကုစ္စံ,ထိနံ,မိဒ္ဓံ,ဝိစိကိစ္ဆာစေတိ စုဒ္ဒသိမေ စေ-
တသိကာ အကုသလာနာမ။

၅။ ၁—မောဟောစ၊အာရုံသဘောကိုဟုတ်တိုင်းမှန်စွာ
မသိတတ်, မိုက်တတ်, တွေဝေတတ်,အာရုံကို ဖုံးလွှမ်းတတ်
သော သဘောလည်းကောင်း။....

၂—အဟိရိကဉ္စ၊ ကာယဒုစရိုက်အစရှိသော မကောင်း
မှုကို မစက်ဆုပ်တတ်, မရှက်တတ်သော သဘောလည်း
ကောင်း။....

၃—အနောတ္တပ္ပဉ္စ၊ ကာယဒုစရိုက်စသော မကောင်းမှု
ဟူသော အကြောင်း ကြောင့် မထိတ်လန့် တတ်သော
သဘောလည်းကောင်း။....

၄–ဥဒ္ဒစ္စ၊ မငြိမ်မသက် အလွန်တုန်လှုပ်တတ်သော စိတ်၏ အဖြစ်သဘောလည်းကောင်း။....

၅–လောဘော၊ အာရုံ ၆-ပါးကိုလိုချင်တတ်, မက်မောတတ်,ကပ်ငြိတတ်သော သဘောလည်းကောင်း။....

၆–ဒိဋ္ဌိ၊အာရုံ၌ဖောက်ပြန်၍ မြင်တတ်သော သဘောလည်းကောင်း။....

၇–မာနော၊ ငါသာလျှင်တတ်သည်, ငါသာလျှင်မြတ်သည်-ဟုထောင်လွှားတတ်သောသဘောလည်းကောင်း။....

၈–ဒေါသော၊အာရုံ၌ကြမ်းတန်းတတ်,ပြစ်မှားတတ်, မသာ မယာတတ်, စိတ်ကိုဖျက်ဆီး တတ်သော သဘောလည်းကောင်း။....

၉–ဣဿာ၊ သူတပါးတို့၏ ပြည့်စုံမှုကို ငြူစူစောင်းမြောင်းတတ်သော သဘောလည်းကောင်း....

၁၀–မစ္ဆရိယ၊မိမိ၏စည်းစိမ်ကို သူတပါးတို့နှင့် ဆက်ဆံမှုကို အလိုမရှိဘဲ လျှို့ဝှက်တတ်သော သဘောလည်းကောင်း။....

၁၁–ကုက္ကုစ္စ၊ ပြုအပ်ပြီးသောဒုစရိုက်,မပြုမိသေးသော သုစရိုက်တို့ကို အာရုံပြု၍ နှလုံးမသာမယာ ဖြစ်သော စိတ္တုပ္ပါဒ်၏ အဖြစ်ဟု ဆိုအပ်သော စိုးရိမ်ပူပန်တတ်သော သဘောလည်းကောင်း။....

၁၂–ထိန၊ စိတ်၏မခန့်ခြင်း, ပျင်းခြင်း သဘောလည်းကောင်း။....

၁၃–မိဒ္ဓ၊ စေတသိက်၏ မခန့်ခြင်း, ငိုက်မည်းခြင်း သဘောလည်းကောင်း။....

၁၄–ဝိစိကိစ္ဆာစ၊ အာရုံ၏သဘောကို စုံစမ်းသည်ရှိသော် မဆုံးဖြတ်နိုင်သည်၏ အဖြစ်ကြောင့် ပင်ပန်းတတ်သော သဘောလည်းကောင်း....

ဣတိ၊ ဤသို့။ စုဒ္ဒသ၊ ၁၄-ပါးကုန်သော။ ဣမေ၊ ဤဆို အပ်ခဲ့ကုန်ပြီးသော။ စေတသိကာ၊ အာရုံကိုသိတတ်ကုန် သောစိတ်၌ယှဉ်တွယ်၍ ဖြစ်တတ်ကုန်သောသဘောတရားတို့ သည်။ အကုသလာနာမ၊ အကုသိုလ်စေတသိက်တို့ မည်ကုန် သည်။ ဝါ၊ အပါယ် ၄-ပါးသို့ အပြားအားဖြင့် ကျရောက် စေတတ်ကုန်သော။ ဝါ၊ အကုသိုလ်စိတ် ၁၂-ခုတို့နှင့် ယှဉ်တွယ်၍ဖြစ်တတ်ကုန်သော စေတသိက်တို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤဘွင်အကုသိုလ် စေတသိက် ၁၄-ပါးပြီး၏။

---

## သောဘနစေတသိက် ၂၅-ပါး

### သောဘန သာဓာရဏ စေတသိက် ၁၉-ပါး

၆။ သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပံ,အလောဘော,အဒေါ-သော, တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပ-ဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယ-မုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တ-ကမ္မညတာ, ကာယပါဂုညတာ, စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာစေတိ ဧကူနဝီသ-တိမေ စေတသိကာ သောဘန သာဓာရဏာနာမ။ ။

၆။ ၁–သဒ္ဓါစ၊ ရတနာ ၃-ပါးတို့၏ ဂုဏ်စသည်တို့ကို အာရုံပြု၍ ယုံကြည်တတ်သော သဘောလည်းကောင်း။...

၂-သတိစ၊ ရတနာ ၃-ပါးတို့၏ ဂုဏ်စသည်တို့ကို အောက်မေ့တတ်သော သဘောလည်းကောင်း။…

၃-ဟိရိစ၊ ကာယဒုစရိုက်စသည်တို့ကို စက်ဆုပ်တတ်, ရှက်တတ်သော သဘောလည်းကောင်း။…

၄-ဩတ္တပ္ပ၊ ကာယဒုစရိုက်စသည်တို့ကြောင့် ထိတ်လန့်တတ်သော သဘောလည်းကောင်း။…

၅-အလောဘော၊ လိုချင်တတ်, မက်မောတတ်သော လောဘနှင့်ဆန့်ကျင်ဘက်ဖြစ်သောအာရုံ၌ မလိုချင်တတ်, မမက်မောတတ်သော သဘောလည်းကောင်း။…

၆-အဒေါသော၊ ဒေါသနှင့်ဆန့်ကျင်ဘက်ဖြစ်သော အာရုံ၌ မပြစ်မှားတတ်, မကြမ်းတမ်းတတ်, စိတ်ကိုမဖျက်ဆီးတတ်, အေးချမ်းစေတတ်သောသဘောလည်းကောင်း…

၇-တတြမဇ္ဈတ္တတာစ၊ ထိုထိုသို့သော ဘုရား အစရှိသောအာရုံ၌ ဟိန, ဥက္ကဋ္ဌ- ၂-ပါးတို့၌ မကျရောက် မျှ၍ အလယ်၌တည်သော စိတ်, စေတသိက်တို့၏ အဖြစ်သဘောလည်းကောင်း။…

၈-ကာယပဿဒ္ဓိစ၊ စေတသိက်အပေါင်း၏ ကိလေသာ အပူအလောင်တို့မှ ငြိမ်းခြင်းသဘောလည်းကောင်း၊

၉-စိတ္တပဿဒ္ဓိစ၊ အာရုံကိုသိတတ်သောစိတ်၏ ကိလေသာအပူအလောင်တို့မှငြိမ်းခြင်းသဘောလည်းကောင်း။…

၁၀-ကာယလဟုတာစ၊ စေတသိက် အပေါင်း၏ ပေါ့ပါးသည်၏ အဖြစ်သဘောလည်းကောင်း။…

၁၁–စိတ္တလဟုတာ၊ အာရုံကို သိတတ်သော စိတ်၏ ပေါ့ပါးသည်၏အဖြစ်သဘောလည်းကောင်း။····

၁၂–ကာယမုဒုတာ၊ စေတသိက်အပေါင်း၏ နူးညံ့သည်၏အဖြစ်သဘောလည်းကောင်း။····

၁၃–စိတ္တမုဒုတာ၊ အာရုံကို သိတတ်သော စိတ်၏ နူးညံ့သည်၏အဖြစ်သဘောလည်းကောင်း။····

၁၄–ကာယကမ္မညတာ၊ စေတသိက် အပေါင်း၏ အမှုဌ်ကောင်းသည်၏အဖြစ်သဘောလည်းကောင်း။····

၁၅–စိတ္တကမ္မညတာ၊ အာရုံကိုသိတတ်သောစိတ်၏ အမှုဌ်ကောင်းသည်၏ အဖြစ်သဘောလည်းကောင်း။····

၁၆–ကာယပါဂုညတာ၊ စေတသိက် အပေါင်း၏ လေ့လာသည်၏ အဖြစ်သဘောလည်းကောင်း။ ဝါ၊ စေတသိက်အပေါင်း၏ ကျင်နာခြင်း မရှိသည်၏ အဖြစ်သဘောလည်းကောင်း။····

၁၇–စိတ္တပါဂုညတာ၊ အာရုံကို သိတတ်သောစိတ်၏ လေ့လာသည်၏အဖြစ်သဘောလည်းကောင်း၊ဝါ၊ အာရုံကို သိတတ်သောစိတ်၏ ကျင်နာခြင်းမရှိသည်၏အဖြစ်သဘောလည်းကောင်း။····

၁၈–ကာယုဇုကတာ၊ စေတသိက် အပေါင်း၏ ဖြောင့်မတ်သည်၏အဖြစ်သဘောလည်းကောင်း။····

၁၉–စိတ္တုဇုကတာ၊ အာရုံကိုသိတတ်သော စိတ်၏ ဖြောင့်မတ်သည်၏အဖြစ်သဘောလည်းကောင်း။····

ဣတိ၊ ဤသို့။ ကေ-ဧကေန၊ တခုဖြင့်။ ဥ၊နာ၊ယုတ်သော။

ဝိသတိ၊ ၂၀-သော။ ဣမေ၊ဤဆိုအပ်ခဲ့ကုန်ပြီးသော။စေတသိ-
ကာ၊ စေတသိက်ဟုဆိုအပ်ကုန်သော။ ဝါ၊ သိမှု၌ယှဉ်တွဲ-
တတ်ကုန်သော သဘော တရားတို့သည်။ သောဘန-
သောဘနေဟိ၊ တင့်တယ်ကုန်သော စိတ်တို့နှင့်။ သာဓာရ-
ဏာနာမ။ ဆက်ဆံကုန်သောစေတသိက်တို့မည်ကုန်သည်။
ဝါ၊တနည်းကား။သာ-သဟ၊ စိတ်နှင့်တကွ။ပဝတ္တံ၊ ဖြစ်ခြင်း
ကို။ဓာရဏာနာမ၊ဆောင်ကုန်သောစေတသိက်တို့မည်ကုန်
သည်။ဟော န္တိ၊ဖြစ်ကုန်၏။

## ဝိရတီစေတသိက် ၃-ပါး

၇။ သမ္မာဝါစာ,သမ္မာကမ္မန္တော,သမ္မာအာဇီဝေါစေ-
တိ တိဿော ဝိရတိယော နာမ။

၇။ ၁—သမ္မာဝါစာစ၊ အသက်မွေးမှုကိုမငဲ့မူ၍ ဝစီဒုစ
ရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်းလက္ခဏာရှိသော ကောင်း
စွာ တ်ကိုသိမ်းဆည်းတတ်သော သဘောလည်းကောင်း။..

၂ သမ္မာကမ္မန္တောစ၊ အသက်မွေးမှုကိုမငဲ့မူ၍ ကာယ
ဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းလက္ခဏာရှိသော ကိုယ်
အမူအရာကို ကောင်းစွာဖြစ်စေတတ်သော သဘောလည်း
ကောင်း။....

၃—သမ္မာအာဇီဝေါစ၊ အသက်မွေးမှုကိုငဲ့၍ ဖြစ်သော
ဝစီဒုစရိုက် ၄-ပါး,ကာယဒုစရိုက် ၃-ပါးတို့မှ ရှောင်ကြဉ်
ခြင်း လက္ခဏာရှိသော ကောင်းစွာကိုယ်,နှုတ်ကိုဖြစ်စေ
တတ်သော သဘောလည်းကောင်း....

ဣတိ၊ ဤသို့။ တိသော၊ ၃-ပါးကုန်သော။ ဣမေ၊ ဤဆို အပ်ခဲ့ကုန်ပြီးသော။ စေတသိကာ၊ သိမှု၌ ယှဉ်တွယ်ကုန် သော စေတသိက်တို့သည်။ ဝိရတိယောနာမ၊ ဝိရတီစေတ သိက်တို့ မည်ကုန်သည်။ ဝါ၊ ဒုစရိုက်တို့မှ ရှောင်ကြဉ်ကုန် သောစေတသိက်တို့မည်ကုန်သည်။ ဝါ၊ဒုစရိုက်တို့မှ ကင်း၍ မွေ့လျော်ကုန်သော စေတသိက်တို့မည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

### အပ္ပမညာစေတသိက် ၂-ပါးနှင့်ပညိန္ဒြေ ၁-ပါး

ဂ။ ကရုဏာ မုဒိတာ အပ္ပမညာယော နာမာတိ သ-
ထာပိ ပညိန္ဒြိယေန သဒ္ဓိံ ပဉ္စဝီသတိမေ စေတသိ-
ကာ သောဘနာတိ ဝေဒိတ္ဗာ။ ။

ဂ။ ၁—ကရုဏာ၊ ဒုက္ခိတသတ္တဝါ ပညတ်ကိုအာရုံပြု၍ သူတော်ကောင်းတို့၏ စိတ်၏တုန်လှုပ်ခြင်း, ပင်ပန်းခြင်းကို ပြုလုပ်တတ်သော သဘောလည်းကောင်း။....

၂—မုဒိတာ၊ သုခိတသတ္တဝါ ပညတ်ကို အာရုံပြု၍ သူတော်ကောင်းတို့၏ စိတ်၏ဝမ်းမြောက်ကြောင်းဖြစ်သော သဘောလည်းကောင်း။....

ဣတိ၊ ဤသို့။ ဣမေ၊ ဤဆိုအပ်ခဲ့ကုန်ပြီးသော။ စေတသိ-ကာ၊ သိမှု၌ ယှဉ်တွယ်တတ်ကုန်သော စေတသိက်တို့သည်။ အပ္ပမညာယောနာမ၊ အပ္ပမညာစေတသိက်တို့ မည်ကုန် သည်။ ဝါ၊အတိုင်းမသိသော သတ္တဝါပညတ်သာလျှင်အာရုံရှိ ကုန်သော စေတသိက်တို့မည်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ သဗ္ဗထာပိ၊ ခပ်သိမ်းသော အပြားအားဖြင့် လည်း။....

၁--ပညိန္ဒြိယေန၊ ဟုတ်မှန်သော သဘောကို အပြားအားဖြင့် သိတတ်, အစိုးရသည်၏ အဖြစ်ကို ပြုတတ်သော သဘောနှင့်။ ဝါ၊ တနည်းကား၊ ပညာ၊ ဟုတ်မှန်သော သဘောကို အပြားအားဖြင့်သိတတ်သော။ ဣန္ဒြိယေန၊ အစိုးရသည်၏အဖြစ်ကို ပြုတတ်သောသဘောနှင့်။ သဒ္ဓိံ၊ တကွ။ ပဉ္စဝီသတိ၊ ၂၅-ပါးကုန်သော။ ဣမေ၊ ဤဆိုအပ်ခဲ့ကုန်ပြီးသော။ စေတသိကာ၊ သိမှုနှင့် ယှဉ်တွယ်တတ်ကုန်သော စေတသိက်တို့ကို။ သောဘနာတိ၊ တင့်တယ်ကုန်သော စေတသိက်တို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

ဤတွင် သောဘနစေတသိက် ၂၅-ပါးပြီး၏။

---

## စေတသိက် ၅၂-ပါးနိဂုံး

၉။ ဧတ္တာဝတာစ·····

တေရသညသမာနာစ၊ စုဒ္ဒသာကုသလာ တထာ။
သောဘနာ ပဉ္စဝီသာတိ၊ ဒွိပညာသ ပဝုစ္စရေ။ ။

၉။ စ၊ အကျယ်မှတပါး အကျဉ်းကိုဆိုဦးအံ့။ ဧတ္တာဝတာ-ဧတ္တကေန-ဝစနက္ကမေန၊ ဤမျှ အတိုင်းအရှည် ရှိသော သဒ္ဒါအစဉ်, အနက်အစဉ်နှင့်။ မယာ၊ ငါသည်။ ဝုတ္တာ၊ ဆိုအပ်ကုန်ပြီးသော။ တေရသ၊ ၁၃-ပါးကုန်သော။ အညသမာနာစ၊ အညသမာန်း စေတသိက်တို့ လည်းကောင်း။ ဝါ၊ တနည်းကား အည-အညေဟိ၊ မဆက်ဆံသော စိတ်တို့မှ တပါး ဆက်ဆံသောစိတ်တို့နှင့်။ သမာ-နာစ၊ တူကုန်သော စေတသိက်တို့ လည်းကောင်း။ စုဒ္ဒသ၊ ၁၄-ပါးကုန်သော။ အကုသလာစ၊ ကုသိုလ်၏ ဆန့်

ကျင်ဘက် ဖြစ်ကုန်သော စေတသိက်တို့ လည်းကောင်း။ တထာ၊ ထိုမှတပါး။ ပဥ္စဝီသတိ၊ ၂၅-ပါး ကုန်သော။ သောဘနာစ၊ တင့်တယ်ကုန်သော စေတသိက်တို့ လည်းကောင်း။ ဣတိ၊ ဤသို့။ စေတသိကာ၊ သိမ္ပြ ယှဉ်တွဲယ်ကုန်သော စေတသိက်တို့ကို။ ဒွိပညာသ၊ ၅၂-ပါး အပြားရှိကုန်၏ ဟူ၍။ ပ၊ အပြားအားဖြင့်။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။

**စေတသိက် ၅၂-ပါးသရုပ်**

| | | |
|---|---|---|
| သဗ္ဗစိတ္တသာဓာရဏစေတသိက် | ၇-ပါး၊ | အညသမာန်းစေတသိက် ၁၃-ပါးဟုခေါ်ဆို၏။ |
| ပကိဏ်း စေတသိက် | ၆-ပါး။ | |
| အကုသိုလ် စေတသိက် | ၁၄-ပါး။ | |
| သောဘန သာဓာရဏ စေတသိက် | ၁၉-ပါး။ | သောဘန စေတသိက် ၂၅-ပါးဟု ခေါ်ဆို၏။ |
| ဝိရတီ စေတသိက် | ၃-ပါး။ | |
| အပ္ပမညာ စေတသိက် | ၂-ပါး။ | |
| ပညိန္ဒြေ စေတသိက် | ၁-ပါး။ | |

ပေါင်း စေတသိက် ၅၂-ပါး ဖြစ်ပါသည်။

တနည်း—

| | | |
|---|---|---|
| အညသမာန်း စေတသိက် | ၁၃-ပါး၊ | ပေါင်းစေတသိက် ၅၂-ပါး ဖြစ်ပါသည်။ |
| အကုသိုလ် စေတသိက် | ၁၄-ပါး။ | |
| သောဘန စေတသိက် | ၂၅-ပါး။ | |

ဤတွင် စေတသိက်ကို ပြဆိုခြင်းပြီး၏။

---

## ရုပ်ကိုပြဆိုခြင်း

၁။ စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပန္တိ ဒုဝိဓမ္မေတံ ရူပံ ကောဒသဝိဓေန သင်္ဂဟံ ဂစ္ဆတိ။

၁။ စတ္တာရိ၊ ၄-ပါးကုန်သော။ မဟာ-မဟန္တာနိ ဟုတ္တာ၊ ဥပါဒိဏ္ဏကသန္တာန်, အနုပါဒိဏ္ဏက သန္တာန်တို့၌ များကုန်သည်ဖြစ်၍။ ဘူတာနိစ၊ ထင်ရှားစွာဖြစ်ကုန်သော ဘုတ်တို့လည်းကောင်း။ဝါ၊တနည်းကား။မဟာ-မဟန္တာနိ၊ များစွာကုန်သော။ ဘူတာနိစ၊ ဘီလူးမ,မျက်လှည့်သည်တို့သည် လှည့်စားကုန်သကဲ့သို့ လှည့်စားတတ်ကုန်သောဘုတ်တို့လည်းကောင်း။ စတုန္နံ၊၄-ပါးကုန်သော။မဟာ၊များကုန်သည်ဖြစ်၍။ ဘူတာနံ၊ ထင်ရှားဖြစ်ကုန်သော ဘုတ်တို့ကို။ ဥပါဒါယ၊စွဲမှီ၍။ပဝတ္တံ၊ ဖြစ်သော။ရူပဉ္စ၊ ဘောက်ပြန်တတ်သော သဘောရှိသော ဥပါဒါ ရုပ်လည်းကောင်း။ ဣတိ-ဤသို့။ဒု၊၂-ပါးသော။ဝိဓမ္ပိ၊အပြားရှိသည်လည်းဖြစ်သော။ တံ၊ ထိုဆိုအပ်ခဲ့ပြီးသော။ ရူပံ၊ ဘောက်ပြန်တတ်သော သဘောရှိသောရုပ်သည်။ကောဒသ၊၁၁-ပါးသော။ဝိဓေန၊ အပြားအားဖြင့်။သင်္ဂဟံ၊ရေတွက်ခြင်းသို့၊ ဂစ္ဆတိ၊ရောက်၏။

## နိပ္ဖန္နရုပ် ၁၈-ပါး

### ဘူတရုပ် ၄-ပါး

၂။ ကထံ၊ပထဝီဓာတု,အာပေါဓာတု,တေဇောဓာတု, ဝါယောဓာတု ဘူတရူပံနာမ။

၂။ ကထံဂစ္ဆတိ၊အဘယ်သို့ ရောက်သနည်းဟူမူကား။

၁—ပထဝီ၊ အတူဖြစ်သောရုပ်တို့၏ တည်ရာဖြစ်သော။ ဓာတု၊သတ္တဝါ, အသက်-မဟုတ်သော မိမိ၏ မှတ်ကြောင်း လက္ခဏာကိုဆောင်တတ်သော သဘောလည်းကောင်း။....

၂—အာပေါ၊မိမိနှင့်အတူဖြစ်သောရုပ်တို့သို့ ယိုစီးပြန့်နှံ့တတ်သော။ ဓာတု၊ သတ္တဝါ, အသက်-မဟုတ်သော မိမိ၏

မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်သောသဘောလည်း ကောင်း။....

၃--တေဇော၊ပူနွေးတတ်သောသဘောဟုဆိုအပ်သော။ ဓာတု၊သတ္တဝါ, အသက်-မဟုတ်သော မိမိ၏ မှတ်ကြောင်း လက္ခဏာကိုဆောင်တတ်သော သဘောလည်းကောင်း။....

၄--ဝါယော၊ မိမိနှင့်အတူဖြစ်သောရုပ်တို့ကို တွန်းကန် ထောက်ပံ့တတ်သော။ ဓာတု၊ သတ္တဝါ, အသက်-မဟုတ် သော မိမိ၏မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောလည်းကောင်း။ ဘူတ၊ ထင်ရှားသော။ ဝါ၊ လှည့် ပတ်တတ်သော။ ရူပံနာမ၊ ဘောက်ပြန်တတ်သော သဘော ရှိသောဘူတရုပ်မည်သည်။ ဟောတိ၊ဖြစ်၏။

### ပသာဒရုပ် ၅-ပါး

၃။ စက္ခု,သောတံ,ဃာနံ, ဇိဝှါ,ကာယော ပသာဒ- ရူပံနာမ။

၃။ ၁-စက္ခု၊စက္ခုဝိညာဏ်၏ တည်ရာဖြစ်၍ ညီညွတ်, မညီညွတ်သော အဆင်းကိုပြောကြားသကဲ့သို့ ဖြစ်သော။ ဝါ၊ရူပါရုံကို သာယာသကဲ့သို့ ဖြစ်သော။ ဝါ၊ ရူပါရုံကိုထင် စွာပြတတ်သော။ဝါ၊ရှုမြင်ခြင်းငှါအလိုရှိသောသူ၏ အဖြစ်- ဟု ဆိုအပ်သော တဏှာသာလျှင် အကြောင်းခံရှိသော ကံကြောင့် ဖြစ်သော ဘုတ်ကို ကြည်လင် စေတတ်သော သဘော-ဟူ၍ သာလျှင်မှတ်ကြောင်း လက္ခဏာ ရှိသော မျက်စိအကြည်သည်လည်းကောင်း။....

၂--သောတံ၊ သောတဝိညာဏ်၏ တည်ရာဖြစ်၍ အသံ ကိုကြားကြောင်းဖြစ်သော ကြားခြင်းငှါအလိုရှိသောသူ၏

အဖြစ်-ဟုဆိုအပ်သော တဏှာသာလျှင် အကြောင်းခံရှိသော ကံကြောင့်ဖြစ်သော ဘုတ်ကိုကြည်လင်စေတတ်သော သဘော-ဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော နားအကြည်သည်လည်းကောင်း။....

၃-ဃာနံ၊ ဃာနဝိညာဏ်၏ တည်ရာဖြစ်၍ အနံ့ကိုယူခြင်းကိုပြုတတ်သော နမ်းခြင်းငှါအလိုရှိသောသူ၏ အဖြစ်-ဟုဆိုအပ်သော တဏှာသာလျှင် အကြောင်းခံ ရှိသော ကံကြောင့် ဖြစ်သော ဘုတ်ကိုကြည်လင် စေတတ်သော သဘော-ဟူ၍ သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိသော နှာခေါင်းအကြည်သည်လည်းကောင်း။....

၄-ဇိဝှါ၊ ဇိဝှါဝိညာဏ်၏ တည်ရာဖြစ်၍ ဇိဝိတ၏ အကြောင်းခံဖြစ်သောရသာရုံကိုညှုတ်သည်၏ အဖြစ်ဖြင့်ခေါ်ဝေါ်တတ်သော လျက်ခြင်းငှါ အလိုရှိသောသူ၏ အဖြစ်-ဟုဆိုအပ်သော တဏှာသာလျှင် အကြောင်းခံရှိသော ကံကြောင့် ဖြစ်သော ဘုတ်ကိုကြည်လင် စေတတ်သော သဘော-ဟူ၍သာလျှင် မှတ်ကြောင်း လက္ခဏာ ရှိသော လျှာအကြည်သည်လည်းကောင်း....

၅-ကာယော၊ ကာယဝိညာဏ်၏တည်ရာဖြစ်၍ တွေ့ထိခြင်းငှါအလိုရှိသောသူ၏အဖြစ်-ဟုဆိုအပ်သောတဏှာသာလျှင် အကြောင်းခံရှိသော ကံကြောင့်ဖြစ်သော ဘုတ်ကိုကြည်လင်စေတတ်သော သဘော-ဟူ၍ သာလျှင် မှတ်ကြောင်း လက္ခဏာရှိသော ကာယအကြည်သည်လည်းကောင်း။ ပသာဒ၊ မိမိတို့၏ မှီရာဘုတ်ကိုကြည်လင်စေတတ်သော။ ရုပ္ပံနာမ၊ ဘောက်ပြန်တတ်သော သဘောရှိသော ပသာဒရုပ်မည်သည်။ ဟောတိ၊ ဖြစ်၏။

## ဂေါစရရုပ် ၇-ပါး

၄။ ရူပံ,သဒ္ဒေါ,ဂန္ဓော,ရသော,အာပေါဓာတုဝဇ္ဇိ-
တံ ဘူတတ္တယ သင်္ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံ
နာမ။

၄။ ၁-ရူပံ၊စက္ခုဝိညာဏ်အား ထင်ရှားပြတတ်သော မျက်စိအကြည်နှင့် ရေးရှုထိခိုက်တတ်သော သဘောဟူ၍ သာလျှင်မှတ်ကြောင်းလက္ခဏာရှိသောအဆင်း-ဟုဆိုအပ်သော ရူပါရုံသည်လည်းကောင်း။....

၂-သဒ္ဒေါ၊ သောတဒွါရဝီထိစိတ်တို့၏ အာရုံ၏အဖြစ်သို့ရောက်တတ်သော နားအကြည်နှင့် ရေးရှုထိခိုက်တတ်သော သဘောဟူ၍သာလျှင်မှတ်ကြောင်းလက္ခဏာရှိသော အသံ-ဟုဆိုအပ်သော သဒ္ဒါရုံသည်လည်းကောင်း။....

၃-ဂန္ဓော၊ ဃာနဝိညာဏ်အား ထင်ရှားပြတတ်သော နှာအကြည်နှင့် ရေးရှုထိခိုက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အနံ့-ဟုဆိုအပ်သော ဂန္ဓာရုံသည်လည်းကောင်း။....

၄-ရသော၊ ရသတဏှာသည် သာယာအပ်သော လျှာအကြည်နှင့် ရေးရှုထိခိုက်တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာရှိသော အရသာ-ဟုဆိုအပ် သော ရသာရုံသည်လည်းကောင်း။....

၅-၆-၇-အာပေါ၊ မိမိနှင့်အတူဖြစ်သော ရုပ်တို့သို့ ယိုစီးပြန့်နှံ့တတ်သော။ဓာတု-ဓာတုယာ၊သတ္တဝါ, အသက်-မဟုတ်သော မိမိ၏သဘောလက္ခဏာကို ဆောင်တတ်သော

အာပေါဓာတ်သည်။ ဝိဝဇ္ဇိတံ၊ ကြဉ်အပ်သော။ ဘူတ-ဘူတာနံ၊ ထင်ရှားကုန်သော ဘုတ်တို့၏။ ဝါ၊ လှည့်ပတ်တတ်ကုန်သောဘုတ်တို့၏။ တယံ-တယံဣတိ၊ ၃-ပါးတို့၏ အပေါင်းဟူ၍။ သင်္ခါတံ၊ ဆိုအပ်သော။ ဖေါဋ္ဌဗ္ဗံ၊ တွေ့ထိအပ်သော ကာယအကြည်နှင့် ရှေးရှုထိခိုက် တတ်သော သဘောဟူ၍သာလျှင် မှတ်ကြောင်းလက္ခဏာ ရှိသော အတွေ့-ဟုဆိုအပ်သောဖေါဋ္ဌဗ္ဗာရုံသည်လည်းကောင်း။…. ဂေါ-ဣန္ဒြိယာနံ၊ စက္ခုဒြေ့စသည်တို့၏။ စရ၊ ကျက်စားရာဖြစ်သော။ ဝါ၊ ရှေးရှုထိခိုက်တတ်သောအားဖြင့် ဖြစ်ရာဖြစ်သော။ ရူပံနာမ၊ ဘောက်ပြန်တတ်သော သဘောရှိသော ဂေါစရရုပ်မည်သည်။ ဟောတိ၊ ဖြစ်၏။

## ဘာဝရုပ် ၂-ပါး

၅။ ဣတ္ထတ္တံ, ပုရိသတ္တံ, ဘာဝရူပံနာမ။ ။

၈။ ၁—ဣတ္ထတ္တံ၊မိန်းမ၏အဖြစ်-ဟု ဆိုအပ်သောမိန်းမတို့၏ အသွင်အပြင်တည်းဟူသော ဣတ္ထိလိင်,'မိန်းမ-ဟူ၍ သိကြောင်းဖြစ်သော ဣတ္ထိနိမိတ္တ, မိန်းမတို့၏ ပြုလုပ်ခြင်းတည်းဟူသော ဣတ္ထိကုတ္တ,မိန်းမတို့၏သွားခြင်းအစရှိသော အခြင်းအရာ တည်းဟူသော ဣတ္ထိအာကပ္ပ တို့၏အကြောင်းဖြစ်သော သဘောသည်လည်းကောင်း။….

၂—ပုရိသတ္တံ၊ ယောကျ်ား၏ အဖြစ်-ဟု ဆိုအပ်သော ယောကျ်ားတို့၏ အသွင်အပြင်တည်းဟူသော ပုရိသလိင်, ယောကျ်ား-ဟူ၍ သိကြောင်းဖြစ်သော ပုရိသနိမိတ္တ, ယောကျ်ားတို့၏ ပြုလုပ်ခြင်းတည်းဟူသော ပုရိသကုတ္တ,

ယောက်ျားတို့၏ သွားခြင်းအစရှိသော အခြင်းအရာတည်း ဟူသော ပုရိသာကပ္ပ တို့၏အကြောင်းဖြစ်သော သဘော သည်လည်းကောင်း။ ဘာဝရူပံနာမ၊ ဘာဝရုပ်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ ဘာဝ၊ ဤကား မိန်းမ, ဤကား ယောက်ျားဟူ၍အသိဉာဏ် အခေါ်အဝေါ်သဒ္ဒါ တို့၏ဖြစ်ကြောင်းသဘောဟုဆိုအပ်သော။ရူပံနာမ၊ဘောက် ပြန်တတ်သောသဘောရှိသော ဘာဝရုပ်မည်သည်။ဟော- တိ၊ဖြစ်၏။

### ဟဒယရုပ် ၁-ပါး

၆။ ဟဒယဝတ္ထု ဟဒယရူပံနာမ။ ။

၆။ ဟဒယ၊ သမ္မာဝိတက်,မိစ္ဆာဝိတက်တို့၏ အစွမ်းဖြင့် အာရုံသို့ စွန့်လွှတ်ကြောင်းဖြစ်သော။ ဝတ္ထု၊ မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ တည်ရာဖြစ်သော ဟဒယဝတ္ထု ရုပ်သည်။ ဟဒယရူပံနာမ၊ဟဒယရုပ်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ ဟဒယ၊ သမ္မာဝိတက်, မိစ္ဆာဝိ တက်တို့၏အစွမ်းဖြင့် အာရုံသို့ စွန့်လွှတ်ကြောင်းဖြစ်သော။ ရူပံနာမ၊ ဘောက်ပြန်တတ်သော သဘောရှိသော ဟဒယ ရုပ်မည်သည်။ ဟောတိ၊ဖြစ်၏။

### ဇီဝိတရုပ် ၁-ပါး

၇။ ဇီဝိတိန္ဒြိယံ ဇီဝိတရူပံနာမ။ ။

၇။ ဇီဝိတ၊ သဟဇာတ် ရုပ်တို့ကို စောင့်ရှောက်တတ် သော။ ဣန္ဒြိယံ၊သဟဇာတ်တရားတို့ကို အစိုးရသည်၏အဖြစ် ကိုပြုတတ်သော ဇီဝိတိန္ဒြေသည်။ ဇီဝိတရူပံနာမ၊ဇီဝိတရုပ်

မည်သည်။ ဟောတိ၊ဖြစ်၏။ ဝါ၊တနည်းကား။ ဇီဝိတ၊သဟဇာတ် ရုပ်တို့ကိုစောင့်ရှောက်တတ်သော။ ရူပံနာမ၊ ထင်ရှား ဘောက်ပြန်တတ်သော သဘောရှိသော ဇီဝိတရုပ် မည်သည်၊ ဟောတိ၊ဖြစ်၏။

## အာဟာရရုပ် ၁-ပါး

၈။ ကဗဠီကာရော အာဟာရော အာဟာရရူပံနာမ။

၈။ ကဗဠီ-ကဗဠီံ၊အလုပ်အလွေ့ကို။ ကာရော၊ ပြု၍။ အာဟာရော၊ မျိုအပ်သော။ ဝါ၊ တနည်းကား။ ကဗဠီ-ကဗဠီံ၊ အလုပ်အလွေ့ကို၊ ကာရော၊ မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော၊ အာဟာရော၊ ရုပ်တို့ကို ဖြစ်စေသော အားဖြင့်ဆောင်တတ်သော ဩဇာသဘောသည်၊ အာဟာရရူပံနာမ၊ အာဟာရရုပ်မည်သည်။ ဟောတိ၊ ဖြစ်၏၊ ဝါ၊ တနည်းကား အာဟာရ၊ ရုပ်တို့ကိုဖြစ်စေသောအားဖြင့် ဆောင်တတ်သော။ ရူပံနာမ၊ ဘောက်ပြန်တတ်သော သဘောရှိသော အာဟာရရုပ်မည်သည်၊ ဟောတိ၊ဖြစ်၏။

## ရုပ် ၁၈-ပါးအမည်များ

၉။ ဣတိစ အဋ္ဌာရသဝိဓမ္ပေတံ ရူပံ သဘာဝရူပံ, သလက္ခဏရူပံ, နိပ္ဖန္နရူပံ, ရူပရူပံ, သမ္မသနရူပန္တိစ သင်္ဂဟံ ဂစ္ဆတိ၊

၉။ ဣတိစ၊ဤသို့အားဖြင့်။အဋ္ဌာရသ၊၁၈-ပါးသော၊ဝိဓမ္ပိ၊ အပြား ရှိသည်လည်းဖြစ်သော ဧတံ၊ ထိုဆိုအပ်ပြီးသော။ ရူပံ၊ ထင်ရှားဘောက်ပြန်တတ်သော သဘောရှိသောရုပ် သည်၊ သ-အတ္တနော၊ မိမိ၏၊ ဘာဝ-ဘာဝေန၊ အဖြစ်ဖြင့်။

သိဒ္ဓံ၊ ပြီးသော။ဝါ၊တနည်းကား။ ပါကဋံ၊ ထင်ရှားသော။ ရူပံ-ရူပန္တိ စ၊ဘောက်ပြန်တတ်သော သဘောရှိသော ရုပ် ဟူ၍ လည်းကောင်း။ လက္ခဏ-လက္ခဏေန၊ မှတ်ကြောင်း ဟုဆိုအပ်သော သင်္ခတလက္ခဏာနှင့်။ သဟ၊ တကွ။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ-ရူပန္တိ စ၊ ဘောက်ပြန်တတ်သော သဘောရှိ သော ရုပ်ဟူ၍လည်းကောင်း။ နိပ္ဖန္န-နိပ္ဖန္နံ၊ ကံအစရှိသော အကြောင်းတရားတို့သည် ပခာနအားဖြင့်ပြီးစေအပ်သော။ ရူပံ-ရူပန္တိ စ၊ဘောက်ပြန်တတ်သော သဘောရှိသော ရုပ် ဟူ၍လည်းကောင်း။ရူပ-ရူပတော၊ဘောက်ပြန်တတ်သော သဘောရှိသော အနိပ္ဖန္နရုပ်တို့ထက်။ ရူပံ-ရူပန္တိ စ၊အထူး သဖြင့် ဘောက်ပြန်တတ်သော သဘောရှိသော ရုပ်ဟူ၍ လည်းကောင်း။ သမ္မသန-သမ္မသနံ၊ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်စဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်တို့သည် သုံးသပ် ခြင်းငှါထိုက်သော။ ရူပန္တိ စ၊ ဘောက်ပြန်တတ်သော သဘောရှိသော ရုပ်ဟူ၍လည်းကောင်း။ သင်္ဂဟံ၊ ရေတွက် ခြင်းသို့။ဂစ္ဆတိ၊ ရောက်၏။

ဤတွင် နိပ္ဖန္နရုပ် ၁၈-ပါး ပြီး၏။

---

## အနိပ္ဖန္နရုပ် ၁၀-ပါး

### ပရိစ္ဆေဒရုပ် ၁-ပါး

၁၀။ အာကာသဓာတု ပရိစ္ဆေဒ ရူပံနာမ။ ။

အာကာသ၊ ရေးခြစ်စရာမရှိသော။ ဓာတု၊ မိမိ၏လက္ခ ဏာကို ဆောင်တတ်သော သတ္တဝါ,အသက်-မဟုတ်သော အာကာသသဘောသည်။ပရိစ္ဆေဒ-ပရိစ္ဆေဒံ၊ ကလာပ်တို့

ကို သီးသန့်ပိုင်းခြားတတ်သော။ ရူပ်နာမ၊ ဘောက်ပြန်တတ်သော သဘောရှိသော ပရိစ္ဆေဒရုပ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဝိညတ်ရုပ် ၂-ပါး

၁၁။ ကာယဝိညတ္တိ, ဝစီဝိညတ္တိ ဝိညတ္တိရူပံနာမ။

၁၁။ ၁-ကာယ-ကာယဖန္ဒနေန၊ ကိုယ်လှုပ်ခြင်းဖြင့်။ ဝိညတ္တိ၊ အလိုကိုသိစေတတ်, မိမိကိုသိစေအပ်သော ကာယဝိညတ်သဘောသည်လည်းကောင်း။....

၂-ဝစီ ဝစီယာ၊ နှုတ်မြွက်ခြင်းဖြင့်။ ဝိညတ္တိ၊ အလိုကို သိစေတတ်, မိမိကို သိစေအပ်သော ဝစီဝိညတ် သဘောလည်းကောင်း။ ဝိညတ္တိရူပံနာမ၊ဝိညတ်ရုပ်မည်သည်။ ဝါ၊ တနည်းကား ဝိညတ္တိ၊ အလိုကိုသိစေတတ်,မိမိကိုသိစေအပ်သော ဝိညတ်ဟုဆိုအပ်သော ရူပံနာမ၊ ဘောက်ပြန်တတ်သော သဘောရှိသောဝိညတ်ရုပ်မည်သည်၊ ဟောတိ၊ဖြစ်၏။

ဝိကာရရုပ် ၅-ပါး

၁၂။ ရူပဿ လဟုတာ, မုဒုတာ, ကမ္မညတာ, ဝိညတ္တိ-ဒွယံ ဝိကာရရူပံနာမ

၁၂ ၁-ရူပဿ၊ ဘောက်ပြန်တတ်သော သဘောရှိသော စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်၏။ လဟုတာ၊ ပေါ့ပါးသည်၏အဖြစ်သဘော လည်းကောင်း.... -

၂-မုဒုတာ၊ နူးညံ့သည်၏ အဖြစ် သဘော လည်းကောင်း....

၃-ကမ္မညတာ၊ အမှုခံနိုင်သည်၏ အဖြစ်သဘောလည်းကောင်း....

၄-၅—ဝိညတ္တိ-ဝိညတ္တိနှံ၊အလိုကို သိစေတတ်,မိမိကို သိ စေအပ်သော ဝိညတ်ရုပ်တို့၏။ ဒွယံ၊ ၂-ခုတို့၏ အပေါင်း သည် လည်းကောင်း။ ဝိကာရရူပံနာမ၊ ဝိကာရရုပ် မည် သည်။ ဝါ၊ တနည်းကား။ ဝိ၊ ထူးသော။ အာကာရ၊ အ ခြင်းအရာရှိသော။ ရူပံနာမ၊ ဘောက်ပြန်တတ်သော သ ဘောရှိသောရုပ်မည်သည်။ ဟောတိ၊ ဖြစ်၏။

## လက္ခဏရုပ် ၄-ပါး

၁၃။ ရူပဿ ဥပစယော,သန္တတိ,ဇရတာ,အနိစ္စတာ, လက္ခဏရူပံနာမ ။

၁၃။ ၁—ရူပဿ၊ ဘောက်ပြန်တတ်သော သဘောရှိ သော ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်၏၊ဥပ၊ ရှေး ဦးစွာ။ စယော၊ ဖြစ်ပေါ်ခြင်း သဘောသည် လည်း ကောင်း။....

၂—သန္တတိ၊ အစဉ်မပြတ် ဖြစ်ပေါ်ခြင်း သည်လည်း ကောင်း။....

၃—ဇရတာ၊ဆွေးမြေ့ရင့်ရော်သည်၏ အဖြစ်သည်လည်း ကောင်း။....

၄—အနိစ္စတာ၊ အမြဲမရှိသည်၏ အဖြစ်သဘောသည် လည်းကောင်း။ လက္ခဏရူပံနာမ၊ လက္ခဏရုပ် မည်သည်။ ဝါ၊တနည်းကား။ လက္ခဏ၊သင်္ခတ တရားတို့၏မှတ်ကြောင်း ဟုဆိုအပ်သော။ရူပံနာမ၊ ဘောက်ပြန်တတ်သောသဘော ရှိသော လက္ခဏရုပ်မည်သည်။ဟောတိ၊ ဖြစ်၏။

ဤတွင် အနိပ္ဖန္နရုပ် ၁၀-ပါးပြီး၏။

### ဇာတိ ၂-ပါးပြား၍ ရုပ် ၂၈-ပါးဖြစ်ရပုံ

၁၄။ ဇာတိရူပမေဝ ပနေတ္ထ ဥပစယ,သန္တတိနာမေန
ပဝုစ္စတီတိ ကေဝဒသဝိဓမ္ပေတံ ရူပံ အဋ္ဌဝီသတိ
ဝိဓံ ဟောတိ သရူပဝသေန။

၁၄—ပန၊ အထူးကိုဆိုဦးအံ့။ ဧတ္ထ၊ ဤလက္ခဏာရုပ် ၄-ခု
တို့တွင်။ ဇာတိ၊ ဖြစ်ပေါ်တတ်သော။ ရူပမေဝ၊ ဘောက်ပြန်
တတ်သောသဘောရှိသောရုပ်ကိုသာလျှင်။ ဥပစယသန္တတိ၊
ဥပစယ,သန္တတိ-ဟူသော။ နာမေန၊ အမည်ဖြင့်။ ပ၊ အပြား
အားဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ကေဝဒသ၊ ၁၁-ပါး
သော။ ဝိဓမ္ပိ၊ အပြားရှိသည်လည်းဖြစ်သော။ ဧတံ၊ ထိုဆို
အပ်ခဲ့ပြီးသော။ ရူပံ၊ ဘောက်ပြန်တတ်သောသဘောရှိသော
ရုပ်သည်။ သ-အတ္တနော၊ မိမိ၏၊ ရူပ-ရူပသဘ၊ မှတ်ကြောင်း
လက္ခဏာကို ထင်စွာပြတတ်သော သရုပ်၏၊ ဝသေန၊ အ
စွမ်းအားဖြင့်။ အဋ္ဌဝီသတိ၊ ၂၈-ပါးသော။ ဝိဓံ၊ အပြားရှိ
သည်။ ဟောတိ၊ ဖြစ်၏။

### ရုပ်အမျိုးအစား ၁၁-ပါး

၁၅။ ကထံ ····

ဘူတပ္ပသာဒဝိသယာ၊ ဘာဝေါ ဟဒယမိစ္စပိ။
ဇီဝိတာဟာရရူပေဟိ၊ အဋ္ဌာရသဝိဓံ တထာ။ ။

ပရိစ္ဆေဒေါ စ ဝိညတ္တိ၊ ဝိကာရော လက္ခဏန္တိ စ။
အနိပ္ဖန္နာ ဒသာ စေတိ၊ အဋ္ဌဝီသ ဝိဓံ ဘဝေ။ ။

အယမေတ္ထ ရူပ သမုဒ္ဒေသော။

၁၅—ကထံ ဟောတိ၊ အဘယ်သို့ဖြစ်သနည်း။ ····
၁—ဘူတ၊ ထင်ရှားသော ဘူတရုပ် ၄-ခု။

၂—ပသာဒ၊ ဘုတ်တို့ကို ကြည်စေတတ်သော ပသာဒရုပ် ၅-ခု။....

၃—ဝိသယာ၊ စိတ်,စေတသိက်တို့၏ အာရုံ ဖြစ်သော ဂေါစရရုပ် ၇-ခုတို့လည်းကောင်း။....

၄—ဘာဝေါ၊ ဤကားယောကျ်ား, ဤကားမိန်းမ-ဟု အသိဉာဏ်အခေါ်အဝေါ် သဒ္ဒါတို့၏ ဖြစ်ကြောင်းဖြစ်သော ဘာဝရုပ် ၂-ခုလည်းကောင်း။....

၅—ဟဒယံ၊ သမ္မာဝိတက်, မိစ္ဆာဝိတက်တို့၏ အစွမ်းဖြင့် အာရုံကိုစွန့်လွှတ်ကြောင်းဖြစ်သော ဟဒယရုပ် လည်းကောင်း။ ဇူ့စွပိ-ဇူတိအပိ၊ ဤသို့ ဆိုအပ်ပြီးသော ရုပ်တို့သည်လည်း။....

၆—ဇီဝိတ၊ အတူဖြစ်သောရုပ်တို့ကို စောင့်ရှောက်တတ်သော ဇီဝိတရုပ်။....

၇—အာဟာရ၊ အာဟာရဇရုပ်တို့ကိုဆောင်တတ်သော။ ရူပေဟိ၊ ဘောက်ပြန်တတ်သောသဘောရှိသောအာဟာရ ရုပ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ အဋ္ဌာရသ၊ ၁၈-ပါးသော။ ဝိဓံ၊ အပြားရှိသော။ နိပ္ဖန္နဥ္စ၊ နိပ္ဖန္နရုပ်လည်းကောင်း။ တထာ၊ ထိုမှတပါး။....

၈—ပရိစ္ဆေဒေါစ၊ ကလာပ်တို့ကို ပိုင်းခြားတတ်သော ပရိစ္ဆေဒရုပ် လည်းကောင်း။....

၉—ဝိညတ္တိစ၊ အလိုကိုသိစေတတ်, မိမိကိုသိစေအပ်သော ဝိညတ်ရုပ် လည်းကောင်း။....

၁၀—ဝိ၊ ထူးသော။ အာကာရောစ၊ အခြင်းအရာရှိသော ဝိကာရရုပ် လည်းကောင်း။....

၁၁-လက္ခဏာဋ္ဌ၊ သခ်တတရားတို့၏ မှတ်ကြောင်း ဟုဆို အပ်သော လက္ခဏာရုပ် ၄-ခု လည်းကောင်း။ ဇာတိ၊ ဤသို့။ ဒသ၊ ၁၀-ပါးကုန်သော။ အနိပ္ဖန္နာ စ၊ အနိပ္ဖန္နရုပ်တို့ လည်းကောင်း။....

ဇာတိ-ရူမိနာပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ရူပံ၊ ထင်ရှားဘောက်ပြန်တတ်သော သဘောရှိသော ရုပ် သည်။ အဋ္ဌဝီသတိ၊ ၂၈-ပါးသော။ ဝိဓံ၊ အပြားရှိသည်။ ဘဝေ၊ ဖြစ်၏။ [အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဧတ္ထ၊ ဤရူပသင်္ဂဟအရာ၌။ ရူပ-ရုပံ၊ ထင်ရှားဘောက်ပြန်တတ် သော သဘောရှိသောရုပ်ကို။ သံ၊ အကျဉ်းပေါင်း၍။ ဥဒ္ဒေ- သော၊ ပြ|ငြင်းသည်။ ဟောတိ၊ ဖြစ်၏။]

## ရုပ် ၂၈-ပါးသရုပ်

ဘူတရုပ် ၄-ပါးကား။ ဂေါစရရုပ် ၃-ပါး+အဂေါစရ ရုပ် ၁-ပါး။ ပေါင်း ၄-ပါးဖြစ်၏။

တနည်း။ ။သြဠာရိကရုပ် ၃-ပါး+သုခုမရုပ် ၁-ပါး။ ပေါင်း ဘူတရုပ် ၄-ပါးဖြစ်၏။

တနည်း။ ။သန္တိကရုပ် ၃-ပါး + ဒူရေရုပ် ၁-ပါး။ ပေါင်း ၄-ပါးဖြစ်၏။

တနည်း။ ။သပ္ပဋိဃရုပ် ၃-ပါး + အပ္ပဋိဃရုပ် ၁- ပါး၊ ပေါင်း ၄-ပါးဖြစ်၏။

ဘူတရုပ် ၄-ပါး၊ ပသာဒရုပ် ၅-ပါး။ ဂေါစရရုပ် ၄- ပါး၊ ဘာဝရုပ် ၂-ပါး။ ဟဒယဝတ္ထုရုပ် ၁-ပါး။ ဇီဝိတရုပ် ၁-ပါး။ အာဟာရရုပ်၁-ပါး၊ ပေါင်း နိပ္ဖန္နရုပ် ၁၈-ပါးဖြစ် ပါသည်။ [ဂေါစရရုပ် ၇-ပါးအနက် ဖေါဋ္ဌဗ္ဗာရုံဖွဲ့သော ဘူတရုပ် ၃-ပါးကြဉ်သည်။]

ထို့ပြင်၊ ပရိက္ခေဒရုပ် ၁-ပါး။ ဝိညတ်ရုပ် ၂-ပါး။ ဝိကာရရုပ် ၃-ပါး။ လက္ခဏာရုပ် ၄-ပါး။ ပေါင်း အနိပ္ဖန္နရုပ် ၁၀-ပါးဖြစ်ပါသည်။ [ဝိကာရရုပ် ၅-ပါးအနက်ဝိညတ်ရုပ် ၂-ပါးကြွင်းသည်။]

ရင်းတနည်း။ ။ဘူတရုပ် ၄-ပါး။ ပသာဒရုပ် ၅-ပါး။ ဂေါစရရုပ် ၄-ပါး။ ဘာဝရုပ် ၂-ပါး။ ဟဒယဝတ္ထုရုပ် ၁-ပါး။ ဇီဝိတရုပ် ၁-ပါး။ အာဟာရရုပ် ၁-ပါး။ ပရိက္ခေဒရုပ် ၁-ပါး၊ ဝိညတ်ရုပ် ၂-ပါး။ ဝိကာရရုပ် ၃-ပါး။ လက္ခဏာရုပ် ၄-ပါး။ ပေါင်း ရုပ် ၂၈-ပါး ဖြစ်ပါသည်။
ဤတွင် ရုပ်ကို ပြဆိုခြင်း ပြီး၏။

---

## နိဗ္ဗာန်ပရမတ်တရားကိုပြဆိုခြင်း

၁။ နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာရမ္မဏဘူတံ ဝါန-သင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

၁။ ပန၊ရုပ်မှတပါး နိဗ္ဗာန်ကိုဆိုဦးအံ့။လောက-လော-ကတော၊ ပျက်စီးတတ်သော သဘောဟုဆိုအပ်သော စိတ်, စေတသိက်,ရုပ်-တည်းဟူသော သင်္ခါရလောကမှ။ ဥတ္တရ-ဥတ္တရတိ၊ လွန်မြောက်တတ်သည်-ဟူ။ သင်္ခါတံ၊ ဆိုအပ်ထသော။စတု၊၄-ပါးသော။မဂ္ဂ-မဂ္ဂေ၊ကိလေသာတို့ကို အကြွင်းမရှိသတ်လျက်နိဗ္ဗာန်ကိုအာရုံပြုဆဲဖြစ်သောမဂ်၌။ဋ္ဌိတေန၊တည်သော။ဉာဏေန၊နိဗ္ဗာန်ကိုထိုးတွင်း၍ သိမြင်တတ်သောဉာဏ်ဖြင့်။ သစ္ဆိ-ပစ္စက္ခံ၊ မျက်မှောက်ကို။ ဝါ၊ တနည်းကား။ သစ္ဆိ-ပစ္စက္ခဝသေန၊ မျက်မှောက်၏ အစွမ်း

ဖြင့်။ ကာတဗ္ဗံ၊ ပြုအပ်ထသော။ မဂ္ဂ၊ ကိလေသာတို့ကို အကြွင်းမရှိသတ်လျက် နိဗ္ဗာန်ကိုအာရုံပြု၍ ရောက်တတ်သောမဂ်။ ဖလာနံ၊ မဂ်၏အကျိုးဖြစ်သော ဖိုလ်တို့၏။ အာရမ္မဏာ-အာရမ္မဏံဟုတွာ၊ မွေ့လျော်ရာ အာရုံဖြစ်၍။ ဘူတံ၊ ဖြစ်ထသော။ နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သောမ ဂ်စ်,မပျက်သောလက္ခဏာဖြင့်အမြဲတည်ရှိသောအသင်္ခတဓာတ်သဘောကို။ ဝါန-ဝါနတ္တိ၊ ဘဝကြီး,ငယ်ကိုနှောင်ဖွဲ့တတ်သည်-ဟု။ သဒ္ဒါတာယ၊ ဆိုအပ်သော။ တဏှာ-ယ၊ တပ်တတ်သောတဏှာ၏။ ဝိသယဘာဝတော၊ အာရုံ၏အဖြစ်မှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်တတ်သည်၏အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ နိဗ္ဗာန်ဟူ၍။ ဝါ၊ ဝါန ဟု ဆိုအပ်သောတဏှာ၏ အာရုံ၏အဖြစ်မှ ထွက်မြောက်တတ်သော တရားဟူ၍။ ပ၊ အပြားအားဖြင့်။ ဝုစ္စတိ၊ ဆိုအပ်၏။

## နိဗ္ဗာန် ၂-ပါး

၂။ တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဉပါဒိသေသ-နိဗ္ဗာနဓာတု, အနုပါဒိသေသနိဗ္ဗာန ဓာတုစေ တိ ဒုဝိဓံ ဟောတိ ကာရဏ ပရိယာယေန။

၂။ တဒေတံ-တံ ဧတံ နိဗ္ဗာနံ၊ ထိုဝါန-ဟုဆိုအပ်သောတဏှာ၏ အာရုံ၏အဖြစ်မှ ထွက်မြောက်တတ်သော နိဗ္ဗာန်သဘောသည် သ အဗ္ဗနော၊ မိမိ၏။ ဘာဝတော-သန္တိ-လက္ခဏာတော၊ ကိလေသာမီး, ခန္ဓာမီးတို့၏ ငြိမ်းကြောင်းဟူသော မှတ်ကြောင်းလက္ခဏာအားဖြင့်။ ဧက၊ ၁-ပါးသော။ ဝိဓမ္ပိ၊ အပြားရှိသော်လည်း။....

၁—ဥပ၊ ပြင်းစွာ။ ဝါ၊ မြဲမြံစွာ။ အာဒိ၊ တဏှာ, ဒိဋ္ဌိတို့သည်စွဲလမ်း၍ ယူအပ်သော ဥပါဒါနက္ခန္ဓာတည်းဟူသော။ သေသ-သေသေန၊ အကြွင်းနှင့်။ သ၊ တကွ။ ပဝတ္တသ၊ ဖြစ်သော။ နိဗ္ဗာန-နိဗ္ဗာနသ၊ ရာဂအစရှိသော ကိလေသာမီးတို့၏ ငြိမ်းခြင်း၏။ ဟေတုဘူတာ၊ အကြောင်းဖြစ်၍ဖြစ်သော။ ဓာတုစ၊ သတ္တဝါ, အသက်-မဟုတ်သော မိမိ၏လက္ခဏာကို ဆောင်တတ်သော သဘောဟု ဆိုအပ်သော နိဗ္ဗာနဓာတ် လည်းကောင်း။····

၂—အနုပါဒိသေသ၊ တဏှာ,ဒိဋ္ဌိတို့သည်ပြင်းစွာစွဲလမ်း၍ယူအပ်သော ဥပါဒါနက္ခန္ဓာတည်းဟူသော ကြွင်းသောတရားမရှိသော အဘာဝပညတ်တည်းဟူသော။ နိဗ္ဗာန-နိဗ္ဗာနသ၊ ခန္ဓာမီးတို့၏ ငြိမ်းခြင်း၏။ ဟေတုဘူတာ၊ အကြောင်းဖြစ်၍ ဖြစ်သော။ ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သော မိမိ၏လက္ခဏာကိုဆောင်တတ်သော သဘောဟုဆိုအပ်သော နိဗ္ဗာနဓာတ်လည်းကောင်း။ ဣတိ၊ ဤသို့။ ကာရဏ-ကာရဏံဣတိ၊ ကိလေသာမီး, ခန္ဓာမီးတို့၏ငြိမ်းကြောင်းဟူ၍။ ပရိယာယေန-ဝေါဟာရေန၊ ခေါ်ဝေါ်အပ်ခြင်းကြောင့်။ဝါ၊ တနည်းကား။ ပရိယာယေန-ပညာ-ပနလေသေန၊ သိစေအပ်သောအမြွက်ကြောင့်။ ဝါ၊အမြွက်ဖြင့်။ ဒုဝိဓံ၊ ၂-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

## နိဗ္ဗာန် ၃-ပါး

၃။ တထာ သုညတံ, အနိမိတ္တံ, အပ္ပဏိဟိတဉ္စေတိ
တိဝိဓံ ဟောတိ အာကာရဘေဒေန။ ။

၃။ ၁—တထာ၊ ထိုမှတပါး။ သုညတဥ္စ၊ ရာဂစသည်တို့၏ အာရုံအဖြစ်မှဆိတ်သောသဘောနိဗ္ဗာန်လည်းကောင်း။ ဝါ၊တနည်းကား။ သုညတဥ္စ၊သင်္ခါရတရားတို့မှ ဆိတ်သော သဘောနိဗ္ဗာန်လည်းကောင်း။....

၂—အနိမိတ္တဥ္စ၊ရာဂစသောကိလေသာတည်းဟူသော အကြောင်းခံ မရှိသော သဘော နိဗ္ဗာန်လည်းကောင်း။ ဝါ၊ တနည်းကား။ အနိမိတ္တဥ္စ၊ သင်္ခါရတည်းဟူသော အကြောင်းခံမရှိသော သဘောနိဗ္ဗာန် လည်းကောင်း။....

၃—အပ္ပဏိဟိတဥ္စ၊ ရာဂစသည်တို့သည် မတောင့်တအပ်သောသဘောနိဗ္ဗာန်လည်းကောင်း။ဝါ၊တနည်းကား။ အပ္ပဏိဟိတဥ္စ၊ သင်္ခါရတရားတို့ကို ထားမြဲ၍ မတတ်နိုင်သော သဘောနိဗ္ဗာန်လည်းကောင်း။ဣတိ၊ဤသို့။အာကာ-ရ-အာကာရသ၊ အခြင်းအရာ၏။ ဘေဒေန-အပြားအားဖြင့်။ တိ၊၃-ပါးသော။ဝိဓံ၊အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

## နိဗ္ဗာန်ခေါ်ဆိုပုံပြသင်္ဂဟဂါထာ

၄။ ပဒမစ္စုတ မစ္စန္တ၊ မသင်္ခတမနုတ္တရံ။
နိဗ္ဗာန မိတိ ဘာသန္တိ၊ ဝါနမုတ္တာမဟေသယော။ ။

၄။ အစ္စုတံ၊ စိမ့်ရှိမြဲတိုင်းသော သဘောလက္ခဏာမှ တရံတဆစ်မျှ ရွေ့လျောပျက်စီးခြင်း မရှိထသော။(အစ္စန္တံ-ကို အတိ-အန္တံ ဟုပုဒ်ဖြတ်။) အန္တံ၊ ဖြစ်ခြင်း, ပျက်ခြင်း အပိုင်းအခြားကို။ အတိ-အတိက္ကန္တံ၊ လွန်မြောက်ထသော။ အသင်္ခတံ၊ အကြောင်းတရားတို့သည် ပေါင်းဆုံညီညွတ်၍ ပြုပြင်စီရင်အပ်သောစိတ်, စေတသိက်, ရုပ်-တည်းဟူသော

သင်္ခတတရားတို့၏ ဆန့်ကျင်ဘက်လည်း ဖြစ်ထသော။ အနုတ္တရံ၊မိမိထက်လွန်မြတ်သော တပါးသောတရားလည်း မရှိထသော။ ပဒံ၊ အရိယာသူတော်ကောင်းတို့သည် အာရုံ ပြုသောအားဖြင့် ရောက်အပ်သောသဘောကို။ ဝါန-ဝါန-တော၊ ဘဝကြီး,ငယ်တို့ကို နှောင်ဖွဲ့တတ်သော တဏှာမှ။ မုတ္တာ၊လွတ်ကုန်ပြီးသော။ မဟာ-မဟန္တေ၊သီလက္ခန္ဓာဒိကော၊ မြတ်သော သီလက္ခန္ဓ အစရှိသော ဂုဏ်ကျေးဇူးတို့ကို။ သေယော၊ရှာမှီးကုန်သော ဘုရားစသော သူတော်ကောင်း တို့ သည်။နိဗ္ဗာနမိတိ-နိဗ္ဗာနံဣတိ၊ ကိလေသာမီး, ခန္ဓာမီး တို့၏ငြိမ်းကြောင်းတရား-ဟူ၍။ဘာသန္တိ၊ဆိုကြကုန်၏။
ဤတွင်နိဗ္ဗာန်ပရမတ်တရားကိုပြဆိုခြင်းပြီး၏။

---

ပရမတ္ထတရား ၄-ပါးပြသက်ဟဂါထာ

၅။ ဣတိ စိတ္တံ စေတသိကံ၊ရူပံနိဗ္ဗာနမိစ္စပိ။
ပရမတ္ထံ ပကာသေန္တိ၊စတုဓာဝ တထာဂတာ။ ။

၅။ ဣတိ-ဧဝံ ယထာဝုတ္တနယေန၊ အကြင်အကြင်ဆို အပ်ခဲ့ပြီးသော အနက်ကို သိကြောင်း ဖြစ်သော နည်းဖြင့်။ စိတ္တံ၊အာရုံကိုသိတတ်သော သဘောလည်းကောင်း။စေတ-သိကံ၊သိမှု၌ယှဉ်တတ်သော သဘောလည်းကောင်း။ ရူပံ၊ ထင်ရှား ဖောက်ပြန်တတ်သော သဘောလည်း ကောင်း။ နိဗ္ဗာနံ၊မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော သဘော လည်းကောင်း။ ဣစ္စပိ-ဣတိအပိ၊ ဤသို့လျှင်။ ပရမ၊ မြတ်-သော။ အတ္ထံ၊သဘောတရားကို။စတုဓာဝ၊ ၄-ပါးအပြား အားဖြင့်သာလျှင်။ တထာ-တထလက္ခဏံ၊ မဖောက်မပြန် သော လက္ခဏာရှိသော သစ္စာ ၄-ပါး တရားတော်ကို။

ပဗုဒ္ဓ်ပြုတွာ၊သိတော်မူပြီး၍။အာဂတာ။လာကုန်သော ဘုရားရှင်တို့သည်။ပ၊ထင်ရှားစွာ။ကာသေန္တိ၊ပြတော်မူကုန်၏။

ဤကွင်ပရမတ္ထတရား ၄-ပါးကိုပြဆိုခြင်းပြီး၏။

---

## ခန္ဓာ ၅-ပါးကို ပြဆိုခြင်း

၁။ ပဉ္စက္ခန္ဓာ-ရူပက္ခန္ဓော, ဝေဒနာက္ခန္ဓော,သညာက္ခန္ဓော, သင်္ခါရက္ခန္ဓော, ဝိညာဏက္ခန္ဓော။

၁။ ခန္ဓာ၊ အစုအပေါင်း တရားတို့သည်။....

၁-ရူပ-ရူပသင်္ခါတော၊ ဖောက်ပြန် တတ်သော သဘော ရုပ်-ဟု ဆိုအပ်သော။ခန္ဓော၊အစုအပေါင်း လည်းကောင်း....

၂-ဝေဒနာ-ဝေဒနာသင်္ခါတော၊ ခံစားတတ်သော သဘော ဝေဒနာ-ဟု ဆိုအပ်သော၊ ခန္ဓော၊ အစု အပေါင်း လည်းကောင်း....

၃-သညာ-သညာသင်္ခါတော၊မှတ်တတ်သော သဘော သညာ-ဟု ဆိုအပ်သော၊ ခန္ဓော၊ အစုအပေါင်း လည်းကောင်း။....

၄-သင်္ခါရ-သင်္ခါရ သင်္ခါတော၊ ပြုပြင်တတ်သော သဘော သင်္ခါရ-ဟု ဆိုအပ်သော။ ခန္ဓော၊အစု အပေါင်း လည်းကောင်း။....

၅-ဝိ အရေးသဒ္ဒြင့်။ ဉာဏ-ဉာဏသင်္ခါတော၊ အာရုံကိုသိတတ်သော သဘော ဝိညာဏ်- ဟု ဆိုအပ်သော။

ခန္ဓော၊ အစုအပေါင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ၅-ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤတွင် ခန္ဓာ ၅-ပါးကို ပြဆိုခြင်းပြီး၏။

---

## ဥပါဒါနက္ခန္ဓာ ၅-ပါးကို ပြဆိုခြင်း

၂။ ပဉ္စုပါဒါနက္ခန္ဓာ -ရူပုပါဒါနက္ခန္ဓော, ဝေဒနုပါဒါနက္ခန္ဓော,သညုပါဒါနက္ခန္ဓော,သင်္ခါရုပါဒါနက္ခန္ဓော, ဝိညာဏုပါဒါနက္ခန္ဓော။

၂။ ဥပ၊ပြင်းစွာ။ ဝါ၊ မြဲမြံစွာ။ အာဒါန-အာဒါနာ၊ တဏှာ, ဒိဋ္ဌိတို့သည် စွဲလမ်း၍ယူအပ်ကုန်သော။ ခန္ဓာ၊ အစုအပေါင်းတရားတို့သည်။....

၁—ရူပ-ရူပသင်္ခါတော၊ ဖောက်ပြန်တတ်သော သဘော ရုပ်-ဟု ဆိုအပ်သော။ ဥပ၊ ပြင်းစွာ၊ ဝါ၊ မြဲမြံစွာ။ အာဒါန-အာဒါနော၊တဏှာ,ဒိဋ္ဌိတို့သည် စွဲလမ်း၍ယူအပ်သော။ ခန္ဓော၊ အစုအပေါင်း လည်းကောင်း။....

၂—ဝေဒနာ-ဝေဒနာသင်္ခါတော၊ ခံစားတတ်သော သဘော ဝေဒနာ-ဟုဆိုအပ်သော။ ဥပ၊ ပြင်းစွာ။ဝါ၊မြဲမြံစွာ။ အာဒါန-အာဒါနော၊ တဏှာ,ဒိဋ္ဌိတို့သည် စွဲလမ်း၍ ယူအပ်သော။ ခန္ဓော၊ အစုအပေါင်း လည်းကောင်း....

၃—သညာ-သညာသင်္ခါတော၊မှတ်တတ်သော သညာ-ဟုဆိုအပ်သော။ ဥပ၊ ပြင်းစွာ။ ဝါ၊ မြဲမြံစွာ။ အာဒါန-အာဒါနော၊ တဏှာ, ဒိဋ္ဌိတို့သည် စွဲလမ်း၍ ယူအပ်သော။ ခန္ဓော၊ အစုအပေါင်း လည်းကောင်း။....

၄—သင်္ခါရ- သင်္ခါရ သင်္ခါတော၊ ပြုပြင်တတ်သော သဘော သင်္ခါရ-ဟုဆိုအပ်သော။ ဥပ၊ ပြင်းစွာ။ ဝါ၊ မြဲမြံစွာ။ အာဒါန-အာဒါနေ၊ တဏှာ, ဒိဋ္ဌိတို့သည်စွဲလမ်း၍ ယူအပ်သော၊ ခန္ဓာစ၊ အစုအပေါင်း လည်းကောင်း။….

၅—ဝိ၊ အထူးသဖြင့်။ ဉာဏ-ဉာဏသင်္ခါတော၊ အာရုံကို သိတတ်သောသဘော ဝိညာဏ်-ဟုဆိုအပ်သော။ ဥပ၊ ပြင်းစွာ။ ဝါ၊ မြဲမြံစွာ။ အာဒါန-အာဒါနေ၊ တဏှာ, ဒိဋ္ဌိတို့သည်စွဲလမ်း၍ ယူအပ်သော၊ ခန္ဓာစ၊ အစုအပေါင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ၅-ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤကား ဥပါဒါနက္ခန္ဓာ ၅-ပါးကို ပြဆိုခြင်းပြီး၏။

---

## အာယတန ၁၂-ပါးကိုပြဆိုခြင်း။

၁။ ဒွါဒသာယတနာနိ-စက္ခာယတနံ, သောတာယတနံ, ဃာနာယတနံ, ဇိဝှါယတနံ, ကာယာယတနံ, မနာယတနံ, ရူပါယတနံ, သဒ္ဒါယတနံ, ဂန္ဓာယတနံ, ရသာယတနံ, ဖောဋ္ဌဗ္ဗာယတနံ, ဓမ္မာယတနံ။

၁။ အာယတနာနိ၊ ဒွါရ, အာရုံတို့၏ အဖြစ်ဖြင့်အား ထုတ်တတ်ကုန်သော တရားတို့သည်။ ဝါ၊ တနည်းကား။ အာယ-အာယေ၊ စိတ်, စေတသိက်တို့၏ အဖြစ်တို့ကို။ တနောန္တိ၊ ချဲ့ထွင်တတ်ကုန်သောတရားတို့သည်။ ဝါ၊ တနည်းကား။ အာယတနာနိ၊ စိတ်, စေတသိက်တရားတို့၏ဖြစ်ရာ, ဖြစ်ကြောင်းဖြစ်သော အာယတနတရားတို့သည်။….

၁—စက္ခု-စက္ခုသဒ္ဒါတံ၊မျက်စိအကြည်-ဟုဆိုအပ်သော။ အာယတနဥ္စ၊ဒွါရ၏အဖြစ်ဖြင့် အားထုတ်တတ်သော စက္ခာယတနတရားလည်းကောင်း။ ဝါ၊ တနည်းကား။ အာယ-အာယေ၊ စိတ်,စေတသိက်တို့၏ အဖြစ်တို့ကို။ တနဥ္စ၊ချဲ့ထွင်တတ်သော စက္ခာယတနတရားလည်းကောင်း။ ဝါ၊တနည်းကား။ အာယတနဥ္စ၊ စိတ်, စေတသိက်တို့၏ ဖြစ်ရာ,ဖြစ်ကြောင်းဖြစ်သော စက္ခာယတနတရားလည်းကောင်း။····

၂—သောတ-သောတသဒ္ဒါတံ၊ နားအကြည်-ဟုဆိုအပ်သော။ အာယတနဥ္စ၊ ဒွါရ၏အဖြစ်ဖြင့် အားထုတ်တတ်သော သောတာယတနတရားလည်းကောင်း။ ဝါ၊ တနည်းကား။ အာယ-အာယေ၊စိတ်,စေတသိက်တို့၏ အဖြစ်တို့ကို။ တနဥ္စ၊ ချဲ့ထွင်တတ်သော သောတာယတန တရားလည်းကောင်း။ ဝါ၊တနည်းကား။ အာယတနဥ္စ၊စိတ်,စေတသိက်တို့၏ ဖြစ်ရာ,ဖြစ်ကြောင်းဖြစ်သော သောတာယတနတရားလည်းကောင်း။····

၃—ဃာန-ဃာနသဒ္ဒါတံ၊ နှာခေါင်းအကြည်-ဟုဆိုအပ်သော။ အာယတနဥ္စ၊ ဒွါရ၏အဖြစ်ဖြင့်အားထုတ်တတ်သော ဃာနာယတနတရားလည်းကောင်း။ ဝါ၊ တနည်းကား။ အာယ-အာယေ၊ စိတ်,စေတသိက်တို့၏အဖြစ်တို့ကို။ တနဥ္စ၊ ချဲ့ထွင်တတ်သော ဃာနာယတန တရား လည်းကောင်း။ဝါ၊တနည်းကား။အာယတနဥ္စ၊ စိတ်,စေတသိက်တို့၏ ဖြစ်ရာ, ဖြစ်ကြောင်းဖြစ်သော ဃာနာယတနတရားလည်းကောင်း ····

၄—ဇိဝှါ-ဇိဝှါသဒ္ဒါတံ၊ လျှာအကြည်-ဟုဆိုအပ်သော။ အာယတနဥ္စ၊ဒွါရ၏အဖြစ်ဖြင့် အားထုတ်တတ်သော ဇိဝှါ-

ယတနတရားလည်းကောင်း။ ဝါ၊ တနည်းကား။ အာယ-
အာယေ၊ စိတ်,စေတသိက်တို့၏အ ဖြစ်တို့ကို။ တနဋ္ဌ၊ ချဲ့ထွင်
တတ်သော ဇိဝှါယတန တရားလည်းကောင်း။ ဝါ၊တနည်း
ကား။အာယတနဋ္ဌ၊ စိတ်, စေတသိက်တို့၏ ဖြစ်ရာ, ဖြစ်
ကြောင်းဖြစ်သော ဇိဝှါယတနတရားလည်းကောင်း။....

၅–ကာယ-ကာယသဒ္ဒါတံ၊ ကာယအကြည်-ဟု ဆို
အပ်သော။ အာယတနဋ္ဌ၊ဒွါရ၏အဖြစ်ဖြင့် အားထုတ်တတ်
သော ကာယာယတနတရားလည်းကောင်း။ ဝါ၊ တနည်း
ကား။ အာယ-အာယေ၊ စိတ်,စေတသိက်တို့၏ အဖြစ်တို့
ကို၊ တနဋ္ဌ၊ ချဲ့ထွင်တတ်သော ကာယာယတန တရားလည်း
ကောင်း။ဝါ၊ တနည်းကား။အာယတနဋ္ဌ၊ စိတ်,စေတသိက်-
တို့၏ ဖြစ်ရာ, ဖြစ်ကြောင်း ဖြစ်သော ကာယာယတန တရား
လည်းကောင်း။....

၆–မန-မနသဒ္ဒါတံ၊ အာရုံကိုသိတတ်သော မနော-ဟု
ဆိုအပ်သော။ အာယတနဋ္ဌ၊ ဒွါရ၏အဖြစ်ဖြင့် အားထုတ်
တတ်သော မနာယတန တရားလည်းကောင်း။ ဝါ၊ တနည်း
ကား။အာယ-အာယေ၊စိတ်,စေတသိက်တို့၏ အဖြစ်တို့ကို။
တနဋ္ဌ၊ ချဲ့ထွင်တတ်သော မနာယတန တရားလည်းကောင်း။
ဝါ၊ တနည်းကား။ အာယတနဋ္ဌ၊ စိတ်, စေတသိက်တို့၏
ဖြစ်ရာ, ဖြစ်ကြောင်းဖြစ်သော မနာယတန တရားလည်း
ကောင်း။....

၇–ရူပ-ရူပသဒ္ဒါတံ၊အဆင်း-ဟုဆိုအပ်သော အာယ-
တနဋ္ဌ၊ အာရုံ၏အဖြစ်ဖြင့် အားထုတ်တတ်သော ရူပါယ-
တနတရား လည်းကောင်း၊ ဝါ၊ တနည်းကား။ အာယ-အာ-

ယေ၊ စိတ်,စေတသိက်တို့၏ အဖြစ်တို့ကို။ တနဥ္စ၊ ချဲ့ထွင်တတ်သော ရူပါယတန တရားလည်းကောင်း။ ဝါ၊ တနည်းကား။ အာယတနဥ္စ၊ စိတ်,စေတသိက် တို့၏ ဖြစ်ရာ, ဖြစ်ကြောင်း ဖြစ်သော ရူပါယတန တရားလည်းကောင်း။....

၈--သဒ္ဒ-သဒ္ဒသဒ္ဒါတံ၊အသံ-ဟုဆိုအပ်သော။အာယတနဥ္စ၊ အာရုံ၏အဖြစ်ဖြင့် အားထုတ်တတ်သော သဒ္ဒါယတန တရားလည်းကောင်း။ ဝါ၊ တနည်းကား။ အာယ-အာယေ၊ စိတ်,စေတသိက် တို့၏ အဖြစ်တို့ကို။ တနဥ္စ၊ ချဲ့ထွင်တတ်သော သဒ္ဒါယတန တရားလည်းကောင်း။ဝါ၊ တနည်းကား။ အာယတနဥ္စ၊ စိတ်,စေတသိက်တို့၏ ဖြစ်ရာ,ဖြစ်ကြောင်းဖြစ်သော သဒ္ဒါယတနတရား လည်းကောင်း။....

၉--ဂန္ဓ-ဂန္ဓသဒ္ဒါတံ၊အနံ့-ဟုဆိုအပ်သော။ အာယတနဥ္စ၊ အာရုံ၏အဖြစ်ဖြင့် အားထုတ်တတ်သော ဂန္ဓာယတန တရားလည်းကောင်း။ ဝါ၊ တနည်းကား။ အာယ-အာယေ၊ စိတ်,စေတသိက်တို့၏ အဖြစ်တို့ကို။ တနဥ္စ၊ ချဲ့ထွင်တတ်သော ဂန္ဓာယတနတရားလည်းကောင်း။ ဝါ၊တနည်းကား။အာယတနဥ္စ၊ စိတ်,စေတသိက်တို့၏ ဖြစ်ရာ,ဖြစ်ကြောင်းဖြစ်သော ဂန္ဓာယတနတရား လည်းကောင်း။....

၁၀--ရသ-ရသသဒ္ဒါတံ၊အရသာ-ဟုဆိုအပ်သော။အာယတနဥ္စ၊ အာရုံ၏အဖြစ်ဖြင့် အားထုတ်တတ်သော ရသာယတနတရားလည်းကောင်း။ ဝါ၊ တနည်းကား။ အာယ-အာယေ၊ စိတ်,စေတသိက်တို့၏ အဖြစ်တို့ကို။ တနဥ္စ၊ ချဲ့ထွင်တတ်သော ရသာယတနတရား လည်းကောင်း။ ဝါ၊ တနည်းကား။ အာယတနဥ္စ၊ စိတ်, စေတသိက် တို့၏ ဖြစ်ရာ, ဖြစ်ကြောင်း ဖြစ်သော ရသာယတန တရားလည်းကောင်း။....

၁၁—ဓောဋ္ဌဗ္ဗ - ဖောဋ္ဌဗ္ဗသဒ္ဒါတံ၊ တွေ့ထိတတ်သော ဖောဋ္ဌဗ္ဗ၃ရုံ-ဟုဆိုအပ်သော။ အာယတန္ဋ္ဌ၊ အာရုံ၏အဖြစ်ဖြင့် အားထုတ်တတ်သော ဖောဋ္ဌဗ္ဗာယတနတရား လည်းကောင်း။ အာယ-အာယေ၊ စိတ်,စေတသိက်တို့၏ အဖြစ်တို့ကို။ တနဋ္ဌ၊ ချဲ့ထွင်တတ်သော ဖောဋ္ဌဗ္ဗာယတနတရား လည်းကောင်း ဝါ၊ တနည်းကား၊ အာယတနဋ္ဌ၊ စိတ်, စေတသိက်တို့၏ ဖြစ်ရာ,ဖြစ်ကြောင်း ဖြစ်သော ဖောဋ္ဌဗ္ဗာယတနတရား လည်းကောင်း။....

၁၂—ဓမ္မ-ဓမ္မသဒ္ဒါတံ၊သင်္ခ္ယာဝါ, အသက်-မဟုတ်သော သုခုမရုပ်-၁၆ ခု,စေတသိက် ၅၂-ခု, နိဗ္ဗာန်-ဟု ဆိုအပ်သော။ အာယတနဋ္ဌ၊ အာရုံ၏အဖြစ်ဖြင့် အားထုတ်တတ်သော ဓမ္မာယတနတရားလည်းကောင်း။ ဝါ၊တနည်းကား။ အာယ-အာယေ၊ စိတ်, စေတသိက်တို့၏ အဖြစ်တို့ကို။ တနဋ္ဌ၊ ချဲ့ထွင်တတ်သော ဓမ္မာယတနတရားလည်းကောင်း။ ဝါ၊ တနည်းကား အာယတနဋ္ဌ၊ စိတ်, စေတသိက်တို့၏ ဖြစ်ရာ,ဖြစ်ကြောင်း ဖြစ်သော ဓမ္မာယတန တရားလည်းကောင်း ဣတိ ဤသို့၊ ဒွါဒသ၊ ၁၂-ပါးတို့သည်။ဟောအပ်၊ ဖြစ်ကုန်၏။

ဤသို့လျှင် အာယတန ၁၂-ပါးကို ပြဆိုခြင်းပြီး၏။

---

ဓာတ် ၁၈-ပါးကို ပြဆိုခြင်း

၄။ အဋ္ဌာရသဓာတုယော-စက္ခုဓာတု,သောတဓာတု, ဃာနဓာတု,ဇိဝှါဓာတု, ကာယဓာတု, ရူပဓာတု, သဒ္ဒဓာတု,ဂန္ဓဓာတု, ရသဓာတု,ဖောဋ္ဌဗ္ဗဓာတု,

စက္ခုဝိညာဏဓာတု, သောတဝိညာဏ ဓာတု, ဃာနဝိညာဏဓာတု,ဇိဝှါဝိညာဏဓာတု,ကာယ-ဝိညာဏဓာတု, မနောဓာတု, ဓမ္မဓာတု, မနော-ဝိညာဏဓာတု။

၄။ ဓာတုယော၊ သတ္တဝါ,အသက်-မဟုတ်သောမိမိ၏ မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်ကုန်သော သဘော တရားတို့သည်။ ....

၁—စက္ခု-စက္ခုသခ်ါတာ၊ မျက်စိအကြည်-ဟု ဆိုအပ် သော။ ဓာတုစ၊ သတ္တဝါ, အသက်-မဟုတ်သော မိမိ၏ မှတ် ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောတရား လည်းကောင်း။....

၂—သောတ-သောတသခ်ါတာ၊ နားအကြည်-ဟု ဆို အပ်သော။ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သော မိမိ၏ မှတ်ကြောင်း လက္ခဏာကို ဆောင်တတ်သော သဘော တရားလည်းကောင်း။....

၃—ဃာန-ဃာနသခ်ါတာ၊နှာခေါင်းအကြည်-ဟုဆိုအပ် သော။ ဓာတုစ၊သတ္တဝါ,အသက်-မဟုတ်သော မိမိ၏မှတ် ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောတရား လည်းကောင်း။....

၄—ဇိဝှါ-ဇိဝှါသခ်ါတာ၊ လျှာအကြည်-ဟု ဆိုအပ် သော။ဓာတုစ၊ သတ္တဝါ, အသက်-မဟုတ်သော မိမိ၏မှတ် ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောတရား လည်းကောင်း။....

၅--ကာယ-ကာယသန်ါတာ၊ကာယအကြည်-ဟုဆိုအပ်သော။ဓာတုစ၊ သတ္တဝါ, အသက်-မဟုတ်သော မိမိ၏မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောတရားလည်းကောင်း။....

၆--ရူပ-ရူပ သန်ါတာ၊ အဆင်း-ဟု ဆိုအပ်သော။ ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သော မိမိ၏မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောတရား လည်းကောင်း။....

၇--သဒ္ဒ-သဒ္ဒ သန်ါတာ၊ အသံ-ဟု ဆိုအပ် သော။ ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သော မိမိ၏မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောတရား လည်းကောင်း။....

၈--ဂန္ဓ-ဂန္ဓသန်ါတာ၊ အနံ့-ဟု ဆိုအပ်သော။ ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သောမိမိ၏မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောတရားလည်းကောင်း။....

၉--ရသ-ရသ သန်ါတာ၊ အရသာ-ဟု ဆိုအပ်သော။ ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သော မိမိ၏ မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘော တရား လည်းကောင်း။....

၁၀-ဖောဋ္ဌဗ္ဗ-ဖောဋ္ဌဗ္ဗသန်ါတာ၊ တွေ့ထိအပ် သော ဖောဋ္ဌဗ္ဗာရုံ-ဟု ဆိုအပ်သော။ဓာတုစ၊သတ္တဝါ,အသက်-မဟုတ်သော မိမိ၏ မှတ်ကြောင်း လက္ခဏာကိုဆောင်တတ်သောသဘောတရားလည်းကောင်း။....

၁၁-စက္ခု-စက္ခုသို့၊ မျက်စိ အကြည်၌။ နိဿိတာ၊ မှီသောဝိ၊အထူးသဖြင့် ဉာဏ-ဉာဏသန်ါတာ။ အဆင်း-

ကိုသိတတ်သော စက္ခုဝိညာဏ်-ဟုဆိုအပ်သော။ ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သောမိမိ၏မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောတရားလည်းကောင်း။····

၁၂–သောတ-သောတသို့၊ နားအကြည်၌။ နိဿိတာ၊ မှီသော။ ဝိ၊ အထူးသဖြင့်။ဉာဏ-ဉာဏသန်ါတာ၊ အသံကိုသိတတ်သော သောတဝိညာဏ်-ဟုဆိုအပ်သော။ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သောမိမိ၏မှတ်ကြောင်းလက္ခဏာကိုဆောင်တတ်သော သဘောတရားလည်းကောင်း။····

၁၃–ဃာန-ဃာနသို့၊ နှာခေါင်း အကြည်၌။ နိဿိ-တာ၊ မှီသော။ ဝိ၊ အထူးသဖြင့်။ ဉာဏ-ဉာဏသန်ါတာ၊ အနံ့ကို သိတတ်သော ဃာနဝိညာဏ်-ဟု ဆိုအပ်သော။ ဓာတုစ၊သတ္တဝါ,အသက်-မဟုတ်သော မိမိ၏ မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောတရား လည်းကောင်း။····

၁၄–ဇိဝှါ-ဇိဝှါယ၊လျှာအကြည်၌။နိဿိတာ၊ မှီသော။ ဝိ၊ အထူးသဖြင့်။ ဉာဏ-ဉာဏ သန်ါတာ၊ အရသာကိုသိတတ်သော ဇိဝှါဝိညာဏ်-ဟု ဆိုအပ်သော။ ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သောမိမိ၏မှတ်ကြောင်းလက္ခဏာကိုဆောင်တတ်သော သဘောတရားလည်းကောင်း။····

၁၅–ကာယ-ကာယသို့၊ကာယအကြည်၌။ နိဿိတာ၊ မှီသော။ဝိ၊အထူးသဖြင့်။ ဉာဏ-ဉာဏသန်ါတာ၊ အတွေ့ကိုသိတတ်သော ကာယဝိညာဏ်-ဟုဆိုအပ်သော။ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သောမိမိ၏မှတ်ကြောင်းလက္ခဏာကို ဆောင်တတ်သော သဘောတရားလည်းကောင်း။····

၁၆–မနော-မနောသဉ်္ဂါတာ၊အာရုံ ၅-ပါးကို သိကာ မတ္တမျှသာ ဖြစ်သော မနော-ဟု ဆိုအပ်သော။ ဓာတုစ၊ သတ္တဝါ,အသက်-မဟုတ်သော မိမိ၏မှတ်ကြောင်းလက္ခဏာ ကိုဆောင်တတ်သော သဘောတရားလည်းကောင်း။....

၁၇–ဓမ္မ-ဓမ္မသဉ်္ဂါတာ၊ သတ္တဝါ,အသက်-မဟုတ်သော သုခုမရုပ်၁၆-ခု,စေတသိက်-၅၂-ခု,နိဗ္ဗာန်-တည်းဟူသော သဘောတရားဟု ဆိုအပ်သော။ဓာတုစ၊ သတ္တဝါ,အသက်- မဟုတ်သော မိမိ၏ မှတ်ကြောင်းလက္ခဏာကို ဆောင်တတ် သော သဘောတရားလည်းကောင်း။....

၁၈–မနော-မနောဝေ၊အလုံးစုံသော အာရုံကိုသိတတ် သည်သာလျှင်ဖြစ်သော။ဝိ၊မနောဓာတ်ထက်ထူး၍။ ဉာဏ်- ဉာဏသဉ်္ဂါတာ၊ အာရုံကိုသိတတ်သော မနောဝိညာဏ်-ဟု ဆိုအပ်သော။ဓာတုစ၊သတ္တဝါ,အသက်-မဟုတ်သောမိမိ၏ မှတ်ကြောင်း လက္ခဏာကို ဆောင်တတ်သော သဘော တရားလည်းကောင်း။ ဣတိ၊ဤသို့။ အဋ္ဌာရသ၊ ၁၈-ပါးတို့ သည်။ ဟောန္တိ၊ဖြစ်ကုန်၏။

ဓာတ် ၁၈-ပါးကိုပြဆိုခြင်းပြီး၏။

---

## သစ္စာ ၄-ပါးကိုပြဆိုခြင်း

၅ ။စတ္တာရိ အရိယသစ္စာနိ ဒုက္ခံအရိယသစ္စံ,ဒုက္ခသမု- ဒယော အရိယသစ္စံ, ဒုက္ခနိရောဓောအရိယသစ္စံ, ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စံ။

၅။ အရိယ-အရိယသည်၊ ကိလေသာတို့မှ ဖြူစင်ခြင်းသို့ ရောက်သော အရိယာပုဂ္ဂိုလ်၏။ ဘာဝံ၊အဖြစ်ကို။ ကရာနိ၊ ပြုတတ်ကုန်သော။ သစ္စာနိ၊ မှန်သောတရားတို့သည်။....

၁-ဒု၊စက်ဆုပ်အပ်သော။ ခံ၊အချည်းနှီးသောတဏှာမှ ကြွင်းသော ဘုံ ၃-ပါး၌ဖြစ်သော ရုပ်,နာမ်တရားဟုဆိုအပ်သော။ အရိယ-အရိယသည်၊ ကိလေသာတို့မှဖြူစင်ခြင်းသို့ရောက်သော အရိယာပုဂ္ဂိုလ်၏။ ဘာဝံ၊ အဖြစ်ကို။ကရံ၊ ပြုတတ်သော။ သစ္စံ၊မှန်သောတရားလည်းကောင်း။....

၂-ဒု၊ စက်ဆုပ်အပ်သော။ ခံ၊ အချည်းနှီးသောတရားကို။ သမုဒယော၊ ဖြစ်စေတတ်သော တဏှာ-ဟုဆိုအပ်သော။ အရိယ-အရိယသည်၊ ကိလေသာတို့မှ ဖြူစင်ခြင်းသို့ရောက်သော အရိယာပုဂ္ဂိုလ်၏။ ဘာဝံ၊ အဖြစ်ကို။ ကရံ၊ ပြုတတ်သော။ သစ္စံ၊မှန်သောတရားလည်းကောင်း။....

၃-ဒု၊စက်ဆုပ်အပ်သော။ ခ-ခသည်၊ အချည်းနှီးသော ဒုက္ခတရား၏။ နိရောဓော၊ နောင်တဖန် ဖြစ်မှုမရှိခြင်း၏ အကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်-ဟုဆိုအပ်သော။ အရိယ-အရိယသည်၊ ကိလေသာတို့မှ ဖြူစင်ခြင်းသို့ရောက်သော အရိယာပုဂ္ဂိုလ်၏။ ဘာဝံ၊ အဖြစ်ကို။ ကရံ၊ ပြုတတ်သော။ သစ္စံ၊မှန်သောတရားလည်းကောင်း။....

၄-ဒု၊စက်ဆုပ်အပ်သော။ခ-ခသည်၊အချည်းနှီးသောဒုက္ခတရား၏။နိရောဓော-နိရောဓံ၊နောက်တဖန် ဖြစ်မှုမရှိခြင်း၏ အကြောင်းဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်သို့။ ဂါမိနိ၊ အာရုံပြုသောအားဖြင့် ရောက်တတ်သော။ ပဋိပဒါ-ပဋိပ-

ဒါယ၊ အကျင့်ဟုဆိုအပ်သော မဂ္ဂင် ၈-ပါးတရားတည်းဟူ
သော။ အရိယ-အရိယဿ၊ ကိလေသာတို့မှ ဖြူစင်ခြင်းသို့
ရောက်သော အရိယာပုဂ္ဂိုလ်၏။ ဘာဝံ၊ အဖြစ်ကို။ ကရံ၊
ပြုတတ်သော။ သစ္စံ၊ မှန်သောတရားလည်းကောင်း။ ဣတိ၊
ဤသို့။ စတ္တာရိ၊ ၄-ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

## သစ္စာ ၄-ပါးတရားကိုယ်ပြဂါထာ

ဒုက္ခံ တေဘူမကံ ဝဋ္ဋံ၊ တဏှာ သမုဒယော ဘဝေ။
နိရောဓော နာမ နိဗ္ဗာနံ၊ မဂ္ဂေါ လောကုတ္တရော မတော။

တေဘူမကံ၊ ဘုံ ၃-ပါး၌ဖြစ်သော။ ဝဋ္ဋံ၊ ထပ်တလဲလဲဖြ
သောရုပ်,နာမ်တရားသည်။ ဒု၊ စက်ဆုပ်အပ်သော။ ခံ၊ အချ
ဉ်းသော ဒုက္ခသစ္စာတရားမည်သည်။ ဘဝေ၊ ဖြစ်၏။ တဏှာ
တွယ်တာတတ်သောတဏှာသည်။ သမုဒယော၊ ဒုက္ခ၏ဖြစ်
ကြောင်း သမုဒယသစ္စာတရား မည်သည်။ ဘဝေ၊ ဖြစ်၏။
နိဗ္ဗာနံ၊ မီး ၁၁-ပါးတို့၏ ငြိမ်းကြောင်းဖြစ်သော အသင်္ခတ
ဓာတ်နိဗ္ဗာန်သည်။ နိရောဓော နာမ။ ဒုက္ခတို့၏ နောင်တဘန်
ဖြစ်မှုမရှိခြင်း၏ အကြောင်းဖြစ်သော နိရောဓသစ္စာတရား
မည်သည်။ ဘဝေ၊ ဖြစ်၏။ လောက-လောကတော၊ မပြတ်
မလပ်ပျက်စီးတတ်သော သဘောဟု ဆိုအပ်သော ဥပါဒါ
နက္ခန္ဓာတည်းဟူသော လောကမှ။ ဥတ္တရော၊ လွန်မြောက်နေ
သော အဋ္ဌင်္ဂိကမဂ်ကို။ မဂ္ဂေါ၊ ကိလေသာတို့ကို အကြွင်း
မရှိသတ်လျက် နိဗ္ဗာန်ကိုအာရုံပြု၍ ရောက်တတ်သော မဂ္ဂ
သစ္စာတရားမည်၏-ဟူ၍။ မတော၊ သိအပ်၏။

## အထူးမှတ်ရန်

စတုသစ္စ ဝိနိမုတ္တာ ဒေသနာနာမ နတ္ထိ။ ။

စတုသစ္စဝိနိမုတ္တာ၊ သစ္စာ ၄-ပါး မြတ်တရားမှ လွတ်သော။ ဒေသနာနာမ၊ ဒေသနာမည်သည်။ နတ္ထိ၊မရှိ။

သစ္စဓမ္မတော ပဝရံ ဓမ္မံ နတ္ထိ။

သစ္စဓမ္မတော၊. သစ္စာ ၄-ပါးတရားတော်ထက်။ ပဝရံ၊ မြတ်သော။ဓမ္မံ၊တရားတော်သည်။နတ္ထိ၊မရှိ။

သစ္စာ ၄-ပါးကိုပြဆိုခြင်းပြီး၏။

---

## အာသီသပတ္ထနာ

[ဆုတောင်း] ဤအဘိဓမ္မတ္ထသင်္ဂဟကျမ်းကိုကြည့်ရှု,သင်ကြား, မှတ်သား,ရွက်ဆောင်, လေ့လာကျင့်ကြံ အားထုတ်ကြကုန်သော သူတော်ကောင်းအပေါင်းတို့သည် သောတာပတ္တိမဂ်ဉာဏ်, သကဒါဂါမိမဂ်ဉာဏ်, အနာဂါမိမဂ်ဉာဏ်, အရဟတ္တမဂ်ဉာဏ်သို့ရောက်၍ ကောင်းသောအကြံအစည်ဟူသမျှသည် တလုံးတဝတည်း ပြည့်စုံကြပါစေသတည်း။

ဤတွင်အဘိဓမ္မတ္ထသင်္ဂဟကျမ်း

နိဿယသစ်

ပဌမပိုင်းပြီးပြီ။